မဟာသိယဉ္စရုဿာသနာပိုင်ဆရာတော်။

ထုတ်ဆင့်တော်မူသည်။

# ဥပဒေ

မန္တလေးမြို့-ရွှာဟိုင်းဈေးမြောက်
မန္တလာဘသုမ္ဘိ—စာပုံနှိပ်တိုက်

၁၂၆၇-ခု။ တော်သလင်းလ။

1905

(Price 6 Annas.) အဘိုးငွေ ၆ ပဲ

# မဟာသံဃရာဇာ၊သာသနာပိုင်ဆရာတော်၊
# အမိန့်တော်။

---

မဟာသံဃာရာဇာ။သာသနာပိုင်ဆရာတော်။အမိန့်တော်ရှိသည်။ မြန်မာနိုင်ငံတော် အထက်ပိုင်း အတွင်း။ သာသနာတော်ထမ်း။ ရဟန်းသံဃာတော်တို့ကို။ ကြီးကြပ်စောင့်ရှောက်အုပ်ချုပ်ခြင်း။ ဝိနည်းဒေသနာတော်နှင့် အညီဆုံးမခြင်း။ ဝိနည်းဒေသနာတော်နှင့်မညီသည့်အရာများကို။ ညီညွတ်အောင်ပညတ်ဆုံးမခြင်းနှင့် စပ်လျဉ်းသည့်မှုခင်းကိစ္စများတွင်။လိုက်နာဆောင်ရွက်ရန်။ဤဥပဒေကို။၁၉၀၄-ခု။ဇူလိုင်လ ၂၇ ရက်နေ့။မြန်မာနိုင်ငံတော်ကိုစီရင်အုပ်ချုပ်တော်မူရသော။ဘုရင်ခံမင်းထံ၊ တင်သွင်းပေးပို့ရာ။ဆရာတော်က။ရဟန်းသံဃာတော်များကို။ထုတ်ဆင့်ပါမည့်အကြောင်း။ ဥပဒေလက္ခံများကိုလည်း။ ဤရုံးတော်သို့ပေးပို့စေလိုပါကြောင်း။ ပို့ရောက်သည့်အခါ၊အင်္ဂလိပ်ဘာသာပြန်ဆိုပြီးလျှင်။နိုင်ငံတော်အထက်ပိုင်းရှိ။ ဝန်ရှင်တော်မင်းကြီးများနှင့်။ အရေးပိုင်မင်းတို့ထံ။ လက္ခံပေးပို့စေမည်ဖြစ်ပါကြောင်းနှင့်။ဘုရင်ခံမင်း၏အတွင်းဝန်ကြီးရုံးတော်က။ပြန်စာပေးပို့ရရှိသည့် အတိုင်း။ သာသနာတော်-၂၄၄၈။ကောဇာသက္ကရာဇ်၁၂၆၇-ခု။ဝါခေါင်လဆန်း(၈)ရက်။ ၁၉၀၅—ခု။ ဩဂုတ်လ(၇)ရက်နေ့။ ဤဥပဒေကို အတည်ပြုတော်မူသည်။

ဝိသုဒ္ဓသီလာစာရသိရိပဝရဓမ္မသေနာပတိ။မဟာသံဃရာဇာ၊
သာသနာပိုင်ဆရာတော်။

---

ဝ

# မာတိကာ


| ကဏ္ဍ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ပဌမကဏ္ဍ | မန္တလေးမြို့မှအပ။ အဝေးမြို့ရွာရှိ။ ရဟန်းသံဃာတော်တို့ ကျင့်ဆောင်ရန်ဥပဒေ .... .... .... | ၃၂ |
| ဆဋ္ဌကဏ္ဍ | သာသနာပိုင်ဆရာတော်-ရွေးကောက်တင်မြှောက်ရန်ဥပဒေ .... .... | ၄၁ |

(ပဌမကဏ္ဍ)

## သာသနာပိုင်တောင်ခွင်ဆရာတော်သို့။မြန်မာနိုင်ငံတော်ကို–စီရင်အုပ်ချုပ်တော်မူသော။ဘုရင်ခံမင်းပေးအပ်တော်မူသည့်အမိန့်တော်

မြန်မာနိုင်ငံတော်အထက်ပိုင်းတွင်။ရဟန်းသင်္ဃာတော်တို့နှင့်။ ဆိုင်သည့်မှုခင်းကိစ္စများကို။ သံဃိသာရ။သံဃသာသမ်။ သံဃနာထ–ဖြစ်တော်မူသော။ သာသနာပိုင် ဆရာတော်က။ ရှေးပဝေဏီထုံးစံနှင့်အညီ။စီရင်စောင့်ရှောက်ရမြဲဖြစ်သည့်။ ။ မြန်မာဘုရင်မင်းမြတ်က။တောင်တော်ဆရာတော်ကို။သာသနာပိုင်–ဆရာတော်ခန့်အပ်တော်မူ၍၊ အင်္ဂလိပ်အစိုးရမင်းတို့။ ဆက်လက်ချီးမြှင့်တော်မူပြီးနောက်၊ခရစ်သက္ကရာဇ် ၁၈၉၅–ခု။ မြန်မာ သက္ကရာဇ် ၁၂၅၆–ခုနှစ် အတွင်း။ ပြန်လွန်တော်မူသည်။

သည့်ကဲ့သို့ပြန်လွန်တော်မူရာ။မန္တလေးမြို့မှစ၍။နိုင်ငံတော် အထက်ပိုင်းတွင်။မှီတင်းနေထိုင်လျက်ရှိသော။ရဟန်း–ရှင်လူ တို့စိတ်ဝမ်းကွဲပြားကြသောကြောင့်။သာသနာပိုင်ဆရာတော် တင်မြှောက်ခြင်းကိစ္စ။နှောင့်နှေးကြန့်ကြာရှိသည်။

မန္တလေးမြို့–ထေးဖြင်၊တံဆိပ်ရ–မှရ၊ဆရာတော်–သင်္ဃာ တော်တို့က။ တောင်ခွင်ဆရာတော်အား။ သာသနာတော်ကို ပြုစုစောင့်ရှောက်တော်မူပါမည့်အကြောင်းနှင့်။ လျှောက်ထား တောင်းပန်၊တင်မြှောက်ကြပြီးဖြစ်သည်။

တောင်ခွင်ဆရာတော်က၊သာသနာပိုင်ဆရာတော်အရာ

လက်ခံတော်မူလျက်။သာသနာတော်မှုဝန်များကို။ဆောင်ရွက်တော်မူခြင်း။မြန်မာနိုင်ငံတော်ကို။စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းကြီးမြှင့်အမှတ်ပြုတော်မူခြင်းများကို။ နိုင်ငံတော် အထက်ပိုင်းတွင်။မှီတင်းနေထိုင်သော။ရဟန်းရှင်လူအပေါင်း တို့။လိုလားတောင့်တကြသည်။

၂။ ။ထို့ဖြစ်၍-မြန်မာနိုင်ငံတော်ကို၊ စီရင်အုပ်ချုပ်တော် မူသော၊ ဘုရင်ခံမင်း။ဆာ- ဟာယူဘာန်းက။တောင်ခွင်ဆရာ တော်ကိုနိုင်ငံတော်အထက်ပိုင်းအတွင်း။သာသနာပိုင်ဆရာ တော်အဖြစ်။ အမှတ်ပြုတော်မူသည်။ ကျွန်ုပ်မှစ၍-ဘုရင်ခံ မင်းအဆက်ဆက် တို့လည်း။ သည့်ကဲ့သို့ အမှတ်ပြုတော်မူ သည့်လက္ခဏာ။ ထင်ရှားစိမ့်သောငှာ။ အမိန့်တော်ပေးအပ် တော်မူသည်။

၃။ ။သည့်ကဲ့သို့။အမှတ်ပြုတော်မူသော်လည်း။ သာသနာ ပိုင်ဆရာတော်မှာ။ တရားရုံးတော်များက၊ စီရင်ခွင့် ရသည့် မှုခင်းကိစ္စများတွင်။ ၎င်းတရားရုံးတော်များနှင့်။ကင်းလွတ်ခွင့် ရစေသည့်မဟုတ်၊ ဝိနည်းဓမ္မကံကြောင်း အရဖြစ်စေ၊အခြား နည်းအရဖြစ်စေ။ စီရင်ဆောင်ရွက်တော်မူရာတွင်။တရားမ- ဥပဒေ၊ ရာဇဝတ်ဥပဒေတော်များနှင့်။ ဘီလာပြုလုပ်ခွင့်အာ ဏာကိုလည်း။အပ်နှင်းသည်မဟုတ်။သာသနာပိုင်ဆရာတော် မှစ၍။ဂိုဏ်းချုပ်-ဂိုဏ်းအုပ်။ဂိုဏ်းထောက်ဆရာတော်တို့ကို လည်း၊တရားရုံးတော်များသို့။သွားရောက်ရခြင်းမှ။လွတ်ငြိမ်း စေသည်မဟုတ်ဖြစ်သည်။

၄။ ။ယခုဆိုခဲ့သည့်-စည်းကမ်း အချက်များကို။အထောက် အထားပြု၍။မြန်မာနိုင်ငံတော်အထက်ပိုင်းအတွင်း။ သာသ နာတော်ထမ်း။ရဟန်းသံဃာတော်တို့ကို။ကြီးကြပ်စောင့်ရှောက် စီရင်အုပ်ချုပ်ခြင်း။ဝိနည်းဓမ္မသာသနာတော်နှင့်အညီဆုံးမခြင်း။ ဝိနည်းဓမ္မသာသနာတော်နှင့်။ မညီသည့်အရာများကို။ ညီညွတ် အောင်-ပညတ်ဆုံးမခြင်းနှင့် စပ်သည့်မှုခင်း ကိစ္စများတွင်။

ဉာသာရိယပိုင်-ပုံဂ္ဂိုလ်ဖြစ်တော်မူကြောင်း၊ ကျွန်နှုပ်အမှတ်ပြု တော်မူသည်။

၅။ ။သာသနာပိုင် ဆရာတော်မှစ၍၊သာသနာပိုင်ဆရာ တော်က။ခန့်အပ်တော်မူသည့်။ဂိုဏ်းချုပ်-ဂိုဏ်းအုပ်၊ ဂိုဏ်း ထောက်-စသည်ပုဂ္ဂိုလ်တို့။ စီရင်ဆောင်ရွက်ပိုင်သည့် မှုခင်း ကိစ္စနှင့်စပ်၍၊ ထုတ်ပြန်သည့်အမိန့်များကို။ တရားမရုံးတော် များကလည်း။ဆိုင်ရာစီရင်စုနယ်မြေအတွင်း။အတည်ပြုလုပ် ကြရမည်။

၆၊ ။သာသနာပိုင်ဆရာတော်မှစ၍၊ ဂိုဏ်းချုပ်-ဂိုဏ်း အုပ်။ဂိုဏ်းထောက် ဆရာတော်တို့မှာ။ မြို-ပြ-ပြည်-ရွာ။သာ ယာငြိမ်းချမ်း စေကြောင်း။ ပညာ ဗဟုသုတ။ တိုးပွါးစေ ကြောင်းအာရုံပြုလျက်။အားထုတ်ဆောင်ရွက်တော်မူကြမည် ကို၊အုံမိုးရမင်းတို့ယုံကြည်စိတ်ချ တော်မူသည့်၊ သည်ကဲ့သို့ တိုင်းကျိုးပြည့်ကျိုးဖြစ်ထွန်း- ကြီးပွါးအောင်။ ဆောင်ရွက် တော်မူ ကြသည့်ကို၊ ထောက်ထား တော်မူ၍- နိုင်ငံတော်အ ထက်ပိုင်းအတွင်း။ မှိတင်းလျက်ရှိသောသာသနာတော်ထမ်း ရဟန်းသံဃာတော် အရပ်ရပ်တို့။ ယခုခံစားလျက် ရှိသည့်၊ အောက်ပါအခွင့်များကို၊ခံစားမြဲ-ခံစားစေမည်၊

( ၁ ) ဘာသာဝါဒ၊ဟောပြောသည့် ဆရာ၊ ရဟန်းသံဃာတော်နှင့်။ စာသင်ဆရာ များကို။ သာသာမေခ-ငွေတော်လွတ်ငြိမ်းချမ်း သာစေခြင်း၊

( ၂ ) ခရာဇ်သက္ကရာဇ်၁၈၈၉-ခု၊ ဇူလိုင်လ-၁၃-ရက်။၁၂၅၁-ခု။ဝါဆိုလဆုတ် ၂-ရက်နေ့တွင်။ ဂူကျောင်း-တန်ဆောင်း။ စေ တီ-ပုထိုးစသော။သာသနာတော်နှင့်ဆိုင်သည့်

အဆောက် အဦများ- တည့်ရာဖွစ၍။ ၎င်းအဆောက်အဦ-ဥပစာများနှင့်။ သက်ဆိုင်သည့်အရ။ ၎င်းဂူကျောင်း- တန်ဆောင်း။ စေတီပုထိုးစသည့်- အဆောက်အဦများနှင့် စပ်၍။ ဆက်လက်အသုံးပြုသည့်မြေရာများကိုမြေခွန်တော်-လွတ်ငြိမ်းချမ်းသာစေခြင်း။

( ၃ ) ဂူကျောင်း- တန်းဆောင်း။ စေတီ-ပုထိုးစသည့်သာသနာတော်နှင့်ဆိုင်သော အဆောက်အဦများ။ ဆောက်လုပ် တည့်ထားရန်၊အခွန်လွတ်မြေရာ၊ပေကာမ်းတော်မူခြင်း။

( ၄ ) စေတီ-ပုထိုး။ ရဲဟန်းကျောင်းနှင့်။စရပ်များကိုပြင်ဆင်ရန်၊အပိုးရသစ်တောများတွင်။ ပေါက်ရောက်လျက် ရှိသည့်- သစ်များကို။ပေးကမ်းတော်မူခြင်း။

၇။ ။ယခုအမိန့်တော်ပေးအပ်သည့်အကြောင်း ရင်းမှာ တောင်ခွင်ဆရာတော်က၊သာသနာပိုင်ဆရာတော်အဖြစ်။ အစိုးရမင်းတို့ကိုကျည်းထောက်ပံ့မြဲ-ထောက်ပံ့ရမည့်။ အစိုးရမင်းတို့ဥပဒေ တော်များကို။ ဆရာတော်ကိုယ်၊ ကောင်းစွာစောင့်ရှောက်တော်မူသည့်ပြင်၊ ထပါးသူတို့အားပြန်သည်ကိုလည်း။အားပေးအားမြှောက်မပြုရ။ ယခုစည်းကမ်းချက်အတိုင်းမလိုက်မနာ။ ပျက်ကွက် ခဲ့လျှင်။ ပေး အပ်သည့် အမိန့်တော်ကိုနုတ်သိမ်း၍။တောင်ခွင်ဆရာတော်ကို။ သာသနာပိုင်ဆရာတော်အဖြစ်။အမှတ်ပြုသည့်ကိုလည်း။ ကျူးပ်နှင့်တကွ။ကျုးပ်အရိုက်အရာဆက်ခံသူဘုရင်ခံမင်းအဆက်ဆက်တို့ ။ပယ်ဖျက်နုတ်သိမ်းမည့်ဖြစ်သည်။

၈။ ။သာသနာပိုင်ဆရာတော်။စီရင်ဆောင်ရွက်တော်မူနိုင်သည့်။မှုခင်းကိစ္စများကို။စီရင်ဆောင်ရွက်တော်မူရာ။ခတ်နှိပ်တော်မူရန်။ တံဆိပ် ပေးအပ်တော် မူသည်။ ဂိုဏ်းချုပ်-ဂိုဏ်းအုပ်။ ဂိုဏ်းထောက် ဆရာတော်တို့။ ခတ်နှိပ်တော်မူကြရန်။ အစိုးရမင်းတို့သဘောတူရာ။တံဆိပ်များကို။သာသနာပိုင်ဆရာတော်ကပေးအပ်ခွင့်ရသည်။

(ပုံ) မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော-ဘုရင်ခံမင်း။

မန္တလေးမြို့။

၁၉၀၃-ခု။နိုဝင်ဘာလ။၁၃-ရက်။

၁၂၆၅-ခု၊တန်ဆောင်မုန်းဆုတ်-၁၀-ရက်။

(ဒုတိယကဏ္ဍ)

## မဟာသံဃာရာဇာသာသနာပိုင်ဆရာတော်အမိန့်တော်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော၊ အနာဝရဏ မဟာဝဇိရစသော ဉာဏ်တို့ဖြင့် ခြံရံအပ်သော။ သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်တော်မူသော။ မြတ်စွာဘုရားသခင်၏။ သားကြီးဩရသ-တတိယမဟာသာဝကအရှင်မဟာကဿ ပ-စသောရဟန္တာအရှင်မြတ်တို့၏'သိဿာနုသိဿဖြစ်တော် မူကုန်သော။ ရှေးရှေးသော မဟာသံဃာရာဇာ-သာသနာပိုင် ဆရာတော်ကြီး အဆက်ဆက် တို့သည်။ ဗုဒ္ဓသာသနာတော် မြတ်နှိုက်၊ ချုပ်အုပ်စောင့်ရှောက်ရသော အရေးအရာအခွင့် ကိစ္စများကိုပိုင်ဆိုင်ချုပ်အုပ်စောင့်ရှောက် တော်မူခဲ့ကြသောဆ စဉ်အလာဓလေ့ထုံးစံနှင့်အညီ၊ သာသနာပိုင် ဌာနန္တရ-ဓုရသာ ရိယပိုင်ပုဂ္ဂိုလ်အဖြစ်ကို၊ နိုင်ငံရှင်အစိုးရမင်းတို့အသိအမှတ် ပြုခြင်းအမိန့်တော်နှင့်တကွ။ ဝိသုဒ္ဓသီလာစာရသီရိပဝရဓမ္မ သေနာပတိ မဟာသံဃာရာဇာဟူသော တံဆိပ်တော်အပ်နှင်း ခြင်းများကို ခံရသော။ မဟာသံဃာရာဇာ သာသနာပိုင်ဆရာ တော်အမိန့်တော်ရှိသည်။ မန္တလေးမြို့တော်မှစ၍။ မြန်မာနိုင်ငံ တော်အထက်ပိုင်းအတွင်း။ အနီးအဝေးမြို့ရွာအရပ်ရပ် တို့နှိုက်။ သီတင်းသုံးနေကြ ကုန်သော ရဟန်း-သာမဏေ- သံဃာတော်ကြီးငယ်တို့ကို အုပ်ထိန်းကြီးကြပ် စောင့်ရှောက် ကြရသော၊ တံဆိပ်တော်ရ ဆရာတော်။ ၄-ပြင်ဌာနချုပ် ဆရာတော်။ ဂိုဏ်းချုပ်ဆရာတော်၊တိုက်အုပ်။ တိုက်ကြပ်၊ ဂိုဏ်းအုပ်။ဂိုဏ်းထောက်ဆရာတော်မထေရ်ပုဂ္ဂိုလ်အပေါင်းတို့

ဆရာတော်သို့အပ်နှင်းတော်မူရင်းအမိန့်တော်ပြန်တမ်းပါ။ စကားချက် များနှင့်အညီ၊ သာသနာတော် ထမ်း-ရဟန်းသံဃာတော်တို့ကို။ ဝိနည်းဒေသနာတော်နှင့်အညီ။ဆုံးမခြင်း ဝိနည်းဒေသနာတော်နှင့်မညီသည့်အရာများကိုညီညွတ်အောင် ပြုပြင်ဆုံးမခြင်းမှစ၍၊ သာသနာ တော်ထမ်းရဟန်း သံဃာတော်တို့နှင့်။ စပ်လျဉ်းသည့်မှုခင်းများတွင်၊ တရားရုံးတော်များက။သင့်ရာလိုက်နာ။ ဆောင်ရွက်သာအောင်အပြီးအပြတ် စီရင်ဆုံးဖြတ်ခြင်း-အမှုများကို၊ဆောင်ရွက်စေခြင်းငှါ။ သုံးဆရာဇာတပါးရှိရန် မြန်မာနိုင်ငံ တော်အလုံးကို ချုပ်ချယ်စီရင်တော်မူရ သော ဘုရင်ခံမင်းက။ ဆရာတော်ကို။ သာသနာပိုင်ဌာနန္တရ ဇာသာရိယပိုင်။ ပုဂ္ဂိုလ် အဖြစ်။ အမှတ်ပြုတော် မူသောအမိန့်တော်နှင့်တကွ။ (ဝိသုဒ္ဓသီလာစာရဘိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ) ဟူသောတံဆိပ်တော်ကို အပ်နှင်းတော်မူသည်၊

သို့။အပ်နှင်းတော်မူသော။ မြန်မာနိုင်ငံဘုရင်ခံမင်း-ဆာဟာယူးဘန်းသည်ထည်း။ ဘုန်းတော်အလွန် ကြီးမြတ်တော် မူမှသော၊ဂရိတ်ဘရိတန်၊ အာရလန်နိုင်ငံတော်ကြီးမှစ၍၊ဣန္ဒိယ။ အောက်စတြေလိယ စသောတိုင်းကြီးပြည် ကြီးများနှင့်တကွ မဟာရာဇာဓိရာဇ်ဘွား။ မြို့စားမင်းအပေါင်းတို့ကိုအစိုးရတော်မူသဖြင့်။ ဣန္ဒိယဧကရာဇ် ဖြစ်တော်မူသော-သတ္တမမြောက် ဧဒွက်ဘုရင်မင်းမြတ်သဒ္ဒါယုံမှတ်တော်မူသဖြင့်။ အဆင့်ဆင့်သောဘုရင်ခံမင်းတို့အပေါ်တွင်။အာဏာတော်ပွါးကိုယ်စားတော်စားချုပ်အုပ်စီရင်တော်မူရသော။ ဣန္ဒိယဘုရင်ခံချုပ်မင်းမြတ်၏ အထောက်ကိုယ်စား၊မြန်မာနိုင်ငံတော် အလုံးကို စီရင်အုပ်ချုပ်တော်မူရသောဘုရင်ခံမင်းဖြစ်သည်။

မြန်မာနိုင်ငံတော်အထက်ပိုင်းအတွင်းရှိ၊ တံဆိပ်တော်ရဆရာတော်။သုဓမ္မာဆရာတော်။ ၄-ပြင်ဌာနချုပ်ဆရာတော် ဂိုဏ်းချုပ်ဆရာတော်-တိုက်အုပ်တိုက်ကြပ်။ဂိုဏ်းအုပ်။ဂိုဏ်း

ထောက်ဆရာတော်။ မထေရ်ပုဂ္ဂိုလ်တို့မှာ။ သာသနာတော်စည်ပင်ပွင့်လင်းကြောင်းကို။ ကောင်းစွာမြှော်လင့်တောင့်တရင်းရှိကြသည့်နှင့်အညီ–သမ္ဗုဒ္ဓရှင်တော်ဘုရားဟောကြားပညတ်တော်မူအပ်သော။ ဝိနည်းတရားတော်လာရှိသည့်အတိုင်း။ နိုင်ငံရှင်အမိုးရမင်းတို့၏ တရားဥပဒေနှင့်လည်းမဆန့်ကျင်စေရ။ လောကဝတ်။ ဓမ္မဝတ်။ ရာဇဝတ်အကြောင်း၃–ပါးကိုထောက်ထားနှိုင်းရှည်လျက်၊ သာသနာတော်အရေးအရာအခွင့်ကိစ္စများကို၊ ညှိညှာကြိုးပန်း။ ဆောင်ရွက်အားထုတ်ကြထိမ့်မည့်ကို။ ကောင်းသောယုံကြည်လေးမြတ်ခြင်းဖြင့်။ မြှော်လင့်ယုံကြည်တော်မူသည်။

သို့။ မြှော်လင့်ယုံကြည်ရင်းရှိတော်မူသည်နှင့်အညီ။ သာသနာတော်မြတ် အရေးအရာကို။ ကောင်းစွာ စောင့်ရှောက်ဆောင်ရွက်နိုင်စေခြင်းငှာ။ ရဟန်းသံဃာ တော်တို့ လိုက်နာကျင့်ဆောင်ကြရန်။ ဥပဒေစည်းကမ်းများကို။ ဝိနည်းတရားတော်နှင့်အညီ။ သံဃနာယကဆရာတော်ကြီး။ သုဓမ္မာဆရာတော်။ ၄–ပြင်ဌာနချုပ်ဆရာတော်သံဃာတော်မထေရ်ပုဂ္ဂိုလ်ကြီးတို့နှင့်။ သဘောတူ စည်းဝေးညှိနှိုင်း ပြဌာန်း ပိုင်းခြားထုတ်ဆင့် အပ်သော ဥပဒေစကား ချက်များအတိုင်း။ အသီးအသီး ဆိုင်သင့်ရာရာ လိုက်နာ စောင့်ရှောက် ဆောင်ရွက်နေထိုင်ကြပေ။

## တတိယကဏ္ဍ။

## ဗုဒ္ဓသာသနာတော်ထမ်း။ရဟန်းသံဃာတော်တို့ကို အုပ်ချုပ်စီရင်ဆောင်ရွက်ရန်ဥပဒေ။

---

### မာတိကာ။

| | |
|---|---|
| ပဌမခန်း | ရဟန်းသံဃာတော်တို့ကို အုပ်ထိန်းစောင့်ရှောက်ခြင်းအကြောင်း။ |
| ဒုတိယခန်း | စီရင်နိုင်ခွင့်အပိုင်းအခြားအကြောင်း |
| တတိယခန်း | အယူခံခြင်း။စောဒနာဝင်ခြင်းအကြောင်း |
| စတုတ္ထခန်း | အချုပ်အထိန်း တင်မြောက် ခန့်ထားခြင်း အကြောင်း။ |
| ပဉ္စမခန်း | အစိုးရမင်းတို့ အကူအညီကို ခံယူခြင်းအကြောင်း။ |
| ဆဋ္ဌခန်း | ရဟန်းသံဃာတော်တို့ ကျင့်ဆောင်ရန် အကြောင်း |

---

### ပဌမခန်း
### ရဟန်းသံဃာတော်တို့ကိုအုပ်ထိန်းစောင့်ရှောက်ခြင်းအကြောင်း။

(၁) သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့မှာ၊ အောက်ပါအဆင့်အတိုင်း။၆-ဆင့်ပိုင်းခြားပြဋ္ဌာန်းသည်။

**ပဌမဆင့်ပုဂ္ဂိုလ်အကြောင်း**

သာသနာတော်ရေး သာသနာ တော်မှုနှင့် စပ်၍။ အရပ်ရပ် စီရင်ခင်း စီရင်ဘွယ်ရှိသည်အရာများတွင်။ သာသနာပိုင် ဆရာတော်၏ အတိုင်ပင်ခံ။ သံဃာနာယကဖြစ်သောဆရာတော်ကြီးများ။

**ဒုတိယဆင့်ပုဂ္ဂိုလ်အကြောင်း**

သာသနာတော်ရေးနှင့် စပ်သမျှအမှုများကို စစ်ဆေး၍။ဝိနည်း ဓမ္မကံနှင့် အညီ။ စီရင်ဆုံးဖြတ်ရန်။ သုဓမ္မာ ဆရာတော်အဖြစ်။ခန့်အပ်ခြင်းကိုခံရသောမထေရ်ပုဂ္ဂိုလ်များ။

**တတိယဆင့်ပုဂ္ဂိုလ်အကြောင်း**

မန္တလေးမြို့ နယ်တွင် ဖြစ်လျှင်။ ရွှေပြင်တောင်ပြင်။မြောက်ပြင်၊ အနောက်ပြင်ဌာနများတွင်။ဌာနချုပ်အဖြစ်။ ခန့်ထားခြင်းကိုခံရသောပုဂ္ဂိုလ်များ။ အဝေးနယ်တွင်ဖြစ်လျှင်။ဂိုဏ်းချုပ်အဖြစ် ခန့်ထားခြင်းကိုခံရသောပုဂ္ဂိုလ်များ။

**စတုတ္ထဆင့်ပုဂ္ဂိုလ်အကြောင်း**

မန္တလေးမြို့နယ်တွင် ဖြစ်လျှင်။ တိုက်အုပ်အဖြစ်။သို့မဟုတ်- တိုက်ကြပ် အဖြစ်ကိုခံရသောပုဂ္ဂိုလ်များ။အဝေးနယ်တွင်ဖြစ်လျှင်ဂိုဏ်းအုပ်အဖြစ်ခန့်ထား ခြင်းကိုခံ ရသောပုဂ္ဂိုလ်များ။

**ပဉ္စမဆင့်ပုဂ္ဂိုလ်အကြောင်း**

အဝေးနယ်တွင်။ ဂိုဏ်းထောက်အဖြစ် ခန့်ထားခြင်းကိုခံရသောပုဂ္ဂိုလ်များ။

**ဆဌဆင့်ပုဂ္ဂိုလ်အကြောင်း**

အထက်ဆိုခဲ့သည့်မှ။ကြွင်းသမျှ သာသနာတော်ထမ်းရဟန်းသာမထေရ်များ။

၂ ။ဗုဒ္ဓသာသနာ တော်ထမ်း ရဟန်း သင်္ဃာတော် အပေါင်းတို့မှာ။သာသနာပိုင်ဆရာတော်၏ အမိန့်တော်အရ-အုပ်ချုပ်ခြင်းများကိုခံကြရမည်။

၃။ ။တတိယဆင့်ပုဂ္ဂိုလ်တို့မှာ။ ဒုတိယဆင့် ပုဂ္ဂိုလ်၏ဆင့်ဆိုအုပ်ထိန်းခြင်းများကိုခံရမည်။

၄။ ။စတုတ္ထဆင့်ပုဂ္ဂိုလ်တို့မှာ။ တတိယဆင့် ပုဂ္ဂိုလ်၏ဆင့်ဆိုအုပ်ထိန်းခြင်းများကိုခံရမည်။

၅။ ။ပဉ္စမဆင့်ပုဂ္ဂိုလ်တို့မှာ။စတုတ္ထဆင့်ပုဂ္ဂိုလ်၏ ဆင့်ဆိုအုပ်ထိန်းခြင်းများကိုခံရမည်။

၆။ ။ဆဋ္ဌဆင့်ပုဂ္ဂိုလ် တို့မှာ။ ပဉ္စမဆင့်ပုဂ္ဂိုလ်၏- ဆင့်ဆိုအုပ်ထိန်းခြင်းများကိုခံရမည်။

၇။ ။မန္တလေးမြို့။၄ပြင်ဌာနချုပ်မှစ၍။ အကြီးအချုပ်ပုဂ္ဂိုလ်တို့မှာ။အောက်ပါနည်းလမ်းအတိုင်း။ သင်္ဃာစာရင်းကို။ရေးမှတ်တင်ပေးကြရမည်။

(က) မန္တလေးမြို့။တိုက်အုပ်တိုက် ကြပ် အရပ်ရပ်တို့မှာမိမိတို့တိုက်ထာနေ။ရဟန်းသာ မဏော-သင်္ဃာစာရင်းကို။ သေခြာစွာရေး မှတ်ထားရမည်။ ၎င်းစာရင်းလကျွံကိုလည်း။၄-ပြင်ဌာနတွင်။ဆိုင်ရာဌာနချုပ်ပုဂ္ဂိုလ်ထံ။တင်သွင်းရမည်။

(ခ) အဝေးမြို့ရွာ။ဂိုဏ်းထောက်အရပ်ရပ်တို့မှာ။ မိမိတို့ကြီးကြပ်ထော်ရပ်၊ ရဟန်းသာမဏေ သင်္ဃာစာရင်းကို။သေခြာစွာရေးမှတ်ထားရမည်။၎င်းစာရင်းလကျွံကိုလည်း။ဆိုင်ရာဂိုဏ်းအုပ် ထံတင်ပို့ရမည်။ဂိုဏ်းအုပ်ကလည်း။ဂိုဏ်းချုပ်ထံတင်ပို့ရမည်။

(ဂ) မန္တလေးမြို့။၄-ပြင်ဆိုင်ရာဌာနချုပ်ပုဂ္ဂိုလ်တို့နှင့်အဝေးမြို့ရွာ။ဂိုဏ်းချုပ်ပုဂ္ဂိုလ်တို့မှာ။ မိမိတို့ချုပ်

အုပ်ရာပါ-ရဟန်းသာမဏေ- သင်္ဃာစာရင်းကို၊ သေချာစွာရေးမှတ်ထားရမည်။ ၄င်းစာရင်ထက်ဲ့ တစောင်ကို။ သုဓမ္မာဆရာတော်တို့ထံတင်ပို့ရမည်၊

(ဃ) ချုပ်ရ-အုပ်ရ-ထောက်ရပါ။ စာရင်း စာအုပ်တွင် ရေးသွင်းပြီးသင်္ဃာများအနက်၊ အခြားသို့— တနစ် တိုင်တိုင်ပြောင်းရွေ့သွားရောက် သည်ဖြစ်စေ။ပြန် လွှန်တော်မူသည်ဖြစ်စေ၊ ရဟန်းဘောင်မှ ထွက် သွားသည့်ဖြစ်စေ။ တနည်းနည်း အားဖြင့်၊ ယုတ် လျော့လျှင်၊သုဓမ္မာ ဆရာတော်တို့ထံ ရောက်။(က) (ခ)(ဂ)အမှတ်အတိုင်း။ အဆင့်ဆင့်စာထင်သွင်း ၍။ မှတ်ပုံစာရင်းနှိုက်။ ၎င်းပုဂ္ဂိုလ်၏ ဘွဲ့အမည်များ ဖျက်သိမ်းရမည်။

(င) အခြားတိုက်တပါးမှ၊ မိမိတို့ချုပ်အုပ်ထောက်ရပါ တိုက်တာ နယ်အတွင်းသို့။ တနှစ် တိုင်တိုင် ထာ ရောက်နေထိုင်သည့်ဖြစ်စေ၊ အမြဲပြောင်းရွေ့ လာ ရောက်နေထိုင်သည်ဖြစ်စေ၊ သင်္ဃာဘောင်သို့ဝင် လာသည်ဖြစ်စေ။ ( ဃ )မှတ်အတိုင်း။ လိုက်နာ ဆောင်ရွက်၍၊ မှတ်ပုံစာရင်းနှိုက် တင်သွင်းရေး သားရမည်၊

---

## ဒုတိယခန်း။

## စီရင်နိုင်ခွင့်အပိုင်းအခြားအကြောင်း

၈။ ။ဒုတိယဆင့် ပုဂ္ဂိုလ် တို့မှာ၊ ဗုဒ္ဓသာသနာ တော် ဘက်ဝဋ္ဋစက်နှင့်စပ်သည့်အရပ်ရပ်အမှုအလုံးစုံကို လက်ခံစစ်ဆေးဆုံးဖြတ်ခွင့်ရသည်။

၉။ ။တတိယဆင့် ပုဂ္ဂိုလ်တို့မှာ။ ဆိုင်ရာချုပ်စု-ဂိုဏ်း နယ်အတွင်း၊ ဗုဒ္ဓသာသနာတော်ဘက်၊ မြေစက်နှင့် စပ်သမျှအမှုများကို။ လက်ခံစစ်ဆေးဆုံးဖြတ် ခွင့် ရသည်။

၁၀။ ။စတုတ္ထဆင့် ပုဂ္ဂိုလ်တို့မှာ။ ဆိုင်ရာအုပ်စုဂိုဏ်း နယ်အတွင်း၊ ဗုဒ္ဓသာသနာတော်ဘက်၊ မြေစက်နှင့် စပ်သမျှအမှုများကို။ လက်ခံစစ်ဆေးဆုံးဖြတ်ခွင့်ရ သည်။

၁၁။ ။ပဉ္စမဆင့်ပုဂ္ဂိုလ်တို့မှာ။ ဆိုင်ရာထေ၀ံရပါ-ဂိုဏ်း နယ်အတွင်း။ဗုဒ္ဓသာသနာတော်ဘက်။မြေစက်နှင့် စပ်သမျှအမှုများကို။ လက်ခံစစ်ဆေးဆုံးဖြတ်ခွင့်ရ သည်။

၁၂။ ။ဆုံးဖြတ်မည့် အာဏာရ- ဝိနိစ္ဆကဝိနည်းဓိုရ် ပုဂ္ဂိုလ်မှာ၊ဆုံးဖြတ်ရန်အမှုတွင်ပါဝင်စပ်လျဉ်း။မ ရှင်းမကောင်းရှိသည့်အခါ၊အခြားဝိနည်းဓိုရ်တဦး ထံရွှေ့ပြောင်း ဆုံးဖြတ်ရာနာခံရန်။ ဆုံးဖြတ်ခြင်း ကိုခံရခွင့်ပြုရန်။စုတိဒကပုဂ္ဂိုလ်က-လဲလျှောက်ခွင့် ရသည်။

၁၃။ ။သည်ကဲ့သို့ လဲလျှောက်ချက်အတိုင်း၊ အာဏာရ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က-သဘောတူလျှင်၊ရွှေ့ပြောင်း ခွင့်ပြုရမည်။ ။သဘောမတူလျှင်၊ ၎င်းအမှု၏ စော ဒကပုဂ္ဂိုလ် လျှောက်ချက်။ စုတိဒကပုဂ္ဂိုလ် ထွက် ချက်သက်သေတို့ထွက်ချက်များကို။ အကျဉ်းချုပ် ရေးသားဘော်ပြ၍၊မိမိထင်မြင်ချက်နှင့် တကွ။ အ ထက်အဆင့်ဆိုင်ရာပုဂ္ဂိုလ်ထံတင်ပို့ရမည်။

၁၄။ ။အထက်က-မည်သို့ပင် ပါရှိသော်လည်း။ အမှု သည်၂-ဦးသဘောတူဆန္ဒနှင့်။ အနုညာတဝိနည်း

ဓိုရ်ပုဂ္ဂိုလ်ထံ။ အဆုံးအဖြတ်ခံလို၍။ ၎င်းဝိနည်းဓိုရ်ပုဂ္ဂိုလ်က–ဆုံးဖြတ်လိုလျှင်။အဆုံးအဖြတ်ခံလိုသည့်ပုဂ္ဂိုလ်တို့က။အာဏာရအုပ်ထိန်းရင်းပုဂ္ဂိုလ်ထံပန်ကြား၍။ချုပ်ရအုပ်ရ။ ထောက်ရ–တူသည်ဖြစ်စေ။ မတူသည်ဖြစ်စေ။ အဆုံး အဖြတ် ခံခွင့်ရသည်။၎င်းအနုညာတ ဝိနည်းဓိုရ်ပုဂ္ဂိုလ်မှာ။အာဏာရသည် မရသည်၊ မည်သူကမှ ကန့် ကွက် မရှိရ။

၁၅ ။တဘက်စောဒကအမှုသည်က။ တင်သွင်း သည့် လျှောက်ထားစောဒနာချက် များကို၊ လက္ခံသည့် အခါ။ တဘက် အမှုသည် စုတိဒက ပုဂ္ဂိုလ်လာ ရောက်စေရန်။ချိန်းချက်သည့်နေ့ရက်နှင့်။စစ်ဆေးမည့် နေရာဌာနများကို။လျှောက်ရင်းသူ–နားထည် အောင်ပြန်ကြားပြောဆိုလိုက်ပြီးလျှင်။ အလျှောက် အထားခံရသူ–စုတိဒကပုဂ္ဂိုလ် သို့လည်း။လျှောက် ထားစောဒနာချက်လက္ခံ တစောင်နှင့်။ မည်သည့် နေ့။မည်သည့်အချိန်မည်သည့်ဌာနသို့လာရောက် ရမည့်အကြောင်းနှင့်၊ဆင့်စာချအပ်ရမည်။

၁၆၊ ။ချိန်းချက်သည့်နေ့ရက်တွင်၊တဘက်အမှုသည်ဖြစ် စေ၊သက်သေဖြစ်စေ။မလာမရောက်ရှိလျှင်။ အမှု သဘောသွားကိုထောက်၍။ ဒုတိယ ဆင့်စာထုတ် ရန်ဖြစ်စေ။ဆင့်စာမထုတ်ဘဲ။နေ့ရက်ရွှေ့ဆိုင်းရန် ဖြစ်စေ။ သင့်ရာပြုလုပ်ရမည်။ ။ဒုတိယဆင့်စာ ထုတ်ခြင်း။ ရွှေ့ဆိုင်းခြင်းများကို ပြုလုပ်လျက်။ လုံလောက်သော အကြောင်းမရှိဘဲ၊ တမ်းရှောင် ဒွေဘာဝ် တိဆန့်သည့်အရာ။ သိသာ ထင်ရှားခဲ့

လျှင် ၎င်းတိမ်းရှောင် ဘိဆန်သူကို။ အရှုံးပြု၍။ တဘက်သတ်စီရင်ရန်။ ဝိနည်းတရားတော်နှင့် ညီသည့်အမှုမှာ။ တဘက်သတ်စီရင်ခြင်းကို ပြုလုပ်ရမည်။

---

## တတိယခန်း။

## အယူခံခြင်း။ စောဒနာဝင်ခြင်းအကြောင်း။

၁၇။ ။ပဉ္စမဆင့်ပုဂ္ဂိုလ်တို့ ဆုံးဖြတ် ချက်ကို။ ဆိုင်ရာ စတုတ္ထဆင့်ပုဂ္ဂိုလ်ထံ။ အယူခံဝင်ခွင့်ရသည်။

၁၈။ ။စတုတ္ထဆင့်ပုဂ္ဂိုလ်တို့ဆုံးဖြတ်ချက်ကို။ ဆိုင်ရာတတိယဆင့်ပုဂ္ဂိုလ်တို့ထံအယူခံဝင်ခွင့်ရသည်။

၁၉။ မည်သည့်ပုဂ္ဂိုလ်တို့ဆုံးဖြတ်ချက်ကိုမဆို။ ဒုတိယဆင့်ပုဂ္ဂိုလ်တို့ထံ။ စောဒနာဝင်ခွင့်ရသည်။ ။ ၎င်းဒုတိယဆင့်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်ချက်ကိုလည်း။ ထပ်မံစောဒနာဝင်လိုသေးလျှင်။ သာသနာပိုင်ဆရာတော်နှင့်တကွသော။ သံဃနာယကဆရာတော်ကြီးတို့ထံ။ ထပ်မံစောဒနာဝင်ခွင့်ရသည်။

---

## စတုတ္ထခန်း။

## အခုပ်အထိန်းတင်မြှောက်ခြင်းအကြောင်း။

၂၀။ ။ဒုတိယဆင့် ပုဂ္ဂိုလ် ခန့်ထား ရန်မှာ။ သာသနာပိုင်ဆရာတော်က။ ဆရာတော်သံဃာတော် ကြီးတို့နှင့်ညှိနှိုင်းတိုင်ပင်၍။ ရွေးချယ်ခန့်ထားရမည်။

။ငုံးဒုတိယသင်္ဃပုဂ္ဂိုလ်အရေအတွက်မှာ၊ ဂ-ပါးဖြစ်စေရမည်။ ။ငင်းတို့အစည်းအဝေးမှာ၊ ခန့်ထားရင်းပုဂ္ဂိုလ်အနက်၊ တဝက်ထက်ပိုရှိကိုယ်တိုင် လာရောက်မှု၊ သုဓမ္မာအစည်း အဝေး မြောက်စေရမည်။ သို့ရာတွင်။ လုံလောက်သောအကြောင်း တစုံတရာကြောင့်ဝိနည်းတချားနှင့်အညီ။ ဆန္ဒရသော်။ ကိုယ်စားပုဂ္ဂိုလ်လာရောက်ချင်လည်း။ အစည်းအဝေး မြောက်သည်ဟုမှတ်ယူရမည်။

၂၂၊ ။(က) မန္တလေးမြို့တွင်၊ အရှေ့ပြင်။ တောင်ပြင်။ မြောက်ပြင်။ အနောက်ပြင်ဌာနများနှိုက်၊ ဌာနချုပ်၄-ပါးခန့်ထားရန်မှာ။ ထိုက်အုပ်တိုက်ကြပ်ပုဂ္ဂိုလ်တို့သဘောတူများရာဖြစ်စေရမည်။

(ခ) ဂိုဏ်းချုပ်ခန့်ထားရန်မှာ။ အုပ်စုပါဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့သဘောတူများရာဖြစ်စေရမည်။

(ဂ) ဂိုဏ်းအုပ် ခန့်ထားရန်မှာ။ အုပ်စုပါဂိုဏ်းထေရ်ပုဂ္ဂိုလ်တို့သဘောတူများရာဖြစ်စေရမည်။

၂၃၊ ။ငင်းပုဂ္ဂိုလ်တို့အရေအတွက်မှာ။ မန္တလေးမြို့တွင် ဌာနချုပ်၄ပါး။ ။အဝေးမြို့နယ်တွင် ဖြစ်လျှင်။ ဂိုဏ်းထောက်၃-ပါးရှိမှ။ ဂိုဏ်းအုပ်တပါး၊ ဂိုဏ်းအုပ် ၃-ပါးရှိမှ။ ဂိုဏ်းချုပ်တပါး။ ခန့်ထားမြဲဖြစ်စေရမည်၊ သို့ရာတွင်-ဌာနဒေသအလိုက်အားဖြင့်၊ ဂိုဏ်းထောက် ၂-ပါးရှိလျှင်။ ဂိုဏ်းအုပ် တပါး။ ဂိုဏ်းချုပ်တပါးခန့်ထားမှ။ သံဃာညီညွတ်ခြင်းဖြစ်၍။ သင့်လျော်မည့် ဌာနဒေသ များမှာလည်း။ ဌာနဒေသအလိုက်ခန့်ထားနိုင်ခွင့်ရှိစေရမည်။

၂၄။ ဂိုဏ်းထောက်ခန့်ထားရန်မှာ။ထေဝံရပါ-ကျောင်းထိုင်ပုဂ္ဂိုလ်တို့သဘောတူများရာ ဖြစ်စေရမည်၊ အနည်းဆုံး။ထေဝံရပါဂိုဏ်းအတွင်း။ကျောင်းပေါင်း ၂၀-ရှိမှ။ဂိုဏ်းထောက်တပါးခန့်ထားမြဲဖြစ်စေရမည်။ ၊ထိုရာတွင်-မြို့အုပ်မင်းတဦး--အုပ်ချုပ်ရသော နယ်တွင်။ကျောင်းပေါင်း ၂၀- မပြည့်သော်လည်း၊ဂိုဏ်းထောက်တပါးခန့်ထားခွင့်ရသည်၊

၂၅။ ။မန္တလေးမြို့။၄ပြင်တွင်ဌာနချုပ်။အဝေးမြို့ရွာဂိုဏ်းချုပ်။ဂိုဏ်းအုပ်။ဂိုဏ်း ထောက်ရွေးခြယ်ရာနှိုက်သဘောသဆန္ဒ အလျောက်။ ရွေးခြယ်သော ပုဂ္ဂိုလ်အရေအတွက်၊အနည်းအများမတွက်။တူမျှခဲ့လျှင်။အရွေးခံသိက္ခာဝါကြီးသောပုဂ္ဂိုလ်ကို အတည်ပြုစေရမည်၊

---

## ပဥ္စမခန်း။

## အစိုးရမင်းတို့အကူအညီကို။ခံယူခြင်း အကြောင်း။

၂၆။ ။သာသနာမှုအရေးနှင့်စပ်၍။ အစိုးရမင်းတို့ အကူအညီကို။ခံယူရန်အတွက်သော်၎င်း၊ သံဃာမှုနှင့်စပ်၍အကြောင်း စကားကြားသိစေရန်အတွက်သော်၎င်း။အာဏာပိုင်ပုဂ္ဂိုလ်တို့က။ဆိုင်ရာအစိုးရမင်းတို့ထံ၊ဆက်ဆံခြင်းများမှာ။ ဗိနည်းတရားတော်နှင့်။မဆန့်ကျင်စေရ။အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ဘုရင်ခံမင်းထံတင်သွင်းရန်ဖြစ်လျှင်။သာသနာပိုင်ဆရာတော်သဘောတူချက်၊ လက်မှတ်တံဆိပ်ပါစေရမည်၊

(ခ) တရားရုံးနာချုပ်ဝန်ရှင်တော်မင်းကြီးထံ။ တင်သွင်းရန်ဖြစ်လျှင်။ သုဓမ္မာဆရာတော်တို့သဘောတူချက်လက်မှတ်တံဆိပ်ပါစေရမည်။

(ဂ) နိုဝိဇံနယ်ဆိုင်ရာ။ ခရိုင်ဝန်ရှင်တော်မင်းကြီး ထံ။ တင်သွင်းရန်ဖြစ်လျှင်။ ထေတိယဆင့် ပုဂ္ဂိုလ်တို့သဘောတူချက်လက်မှတ်တံဆိပ်ပါစေရမည်။

(ဃ) ဒိဝိကြီတ်နယ်ဆိုင်ရာအရေးပိုင်မင်း။ ရာဇဝတ်တရားသူကြီး။တရားမသူကြီးတို့ထံ တင်သွင်းရန်ဖြစ်လျှင်။စတုတ္ထဆင့်ပုဂ္ဂိုလ်တို့ သဘောတူချက်လက်မှတ်တံဆိပ်ပါစေရမည်။

(င) ဆပ်ဒိဝိဇံနယ်၊ မြို့နယ်ဆိုင်ရာ၊ရာဇဝတ်တရားသူကြီး။ တရားမသူကြီးတို့ထံ။ တင်သွင်းရန်ဖြစ်လျှင် ပဉ္စမဆင့်ပုဂ္ဂိုလ်တို့ သဘောတူချက်လက်မှတ် တံဆိပ်ပါစေရမည်။ ။သို့ရာတွင်။တရားရုံးနာချုပ်ဝန်ရှင်တော်မင်းကြီး နိုဝိဇံနယ်ဆိုင်ရာ ခရိုင်ဝန်ရှင်တော်မင်းကြီးတို့ထံတင်သွင်းရန်စာများမှာ။သာသနာပိုင်ဆရာတော်ထံတိုင်ကြားပြီးမှတင်သွင်းရမည်

(၂၇) တည်ဆဲဖြစ်ရှိသောနိုင်ငံတော်တရားဥပဒေများနှင့် ဆန့်ကျင်ဘက်မထွက်ဓမ္မစက်နှင့်စပ်၍။ ဆုံးဖြတ်ရန် အမှန်သက်ဝင်ကျရောက်သော မှုခင်းများမှာ။ ၁၈၉၁–ခု။ တရားမအယူခံမှုနံပါတ် –၁၃–တွင်။ ဘားချက်မင်းကြီးဆုံးဖြတ်ချက်အရသံဃာချင်းချင်း ကသော်၎င်း။သံဃာနှင့်ဘက်စပ်၍လူကသော်၎င်း လူအစိုးရရုံးတော်များမှာ။ တရား စွဲဆိုခြင်း။တိုင်တန်းလျှောက်ထားခြင်းမရှိစေရ။ဝုတ္တဉ္စခန်းပါအာ

ဏာပိုင်ပုဂ္ဂိုလ်များထံမှာသာ–ဆိုင်ရာဆိုင်ရာလိုက်နာစွဲဆိုတိုင်တန်းလျှောက်ထားရမည်။ ။

(၂၀)။ ။အစိုးရမင်းတို့၏။ဇ.ကူအညီကိုခံရမည့်မှာ။အရာရာတိုင်းလော်ပင်၊စောင့်ရှော်ကူညီခြင်း ကင်းနိုင်မည်မဟုတ်သော်လည်း၊ ယခုအခါအောက်ပါဇမှုအခင်း၊အရေးကိစ္စများ ကို၊အကူအညီခံရမည့်အရာများတွင်။အပါအဝင်ဖြစ်စေရမည်။

(က) တိုက်နယ်အရံ အတွင်းမှထွက်သွားစေရန်သော်၎င်း ဝတ္ထုပစ္စည်းကိုလက်လွှတ်စေရန်သော်၎င်း။အတန်းအဆင့်ကုန်နည်းလမ်းအတိုင်း။ဆုံဖြတ်ခြင်းကိုခံရလျက် မထွက်မသွား မပေး မအပ်နေသည့် အခါထွက်သွားစေရန်ဖြစ်စေ။လက်လွှတ်စေရန်ဖြစ်စေ။ အာဏာရပုဂ္ဂိုလ်ဘို့ဆုံးဖြတ်ချက်တွင်ပါသည့်အတိုင်းအတည်ဖြစ်စေရန်အမှု။

(ခ) ရဟန်းဘောင်မှအကြဉ်ခံရသောပုဂ္ဂိုလ်။တိရိစ္ဆာနဝိဇ္ဇာ ။လောကာယတ အတတ် မျိုးဘို့ကို လေ့လာခြင်းကြောင့်၊၎င်းအမှုကိုမပြုမလုပ်ရအောင်။ဆရာဥပဇ္ဈာယ်တို့ကဆုံးမဩဝါဒပေးရာ၊မနာမခံဒုဗ္ဗစ္စသဘောရှိသည်ဖြစ်၍တိုက်ဘာမှနှင်ထုတ်ခြင်းကိုခံရသောပုဂ္ဂိုလ်တို့သည်။တိုက်တာမှမထွက်မသွားအတင်းစွခံရှိနေသည့်အမှု။

၂၉။ ။ပါရာဇိကကျသော။ရဟန်းသံဃာတော်တို့ဘောင်မှအကြဉ်ခံရသောသူ၊ တိရစ္ဆာနဝိဇ္ဇာ လောကာယတအတတ်မျိုးကို လေ့ကျက်ခြင်းကြောင့်။ ၎င်းအမှုကိုလေ့ကျက်ခြင်း မပြုမလုပ်အောင်–ဆရာဥ

ပဇ္ဇယ်တို့ကဆုံးမသြဝါဒပေးရာ၌မနာမခံ၊ဒုဗ္ဗစသ
ဘောရှိသည်ဖြစ်၍-တိုက်တာမှ နှင်ထုတ်ခြင်းကိုခံ
ရသောသူတို့၊ ၎င်းအမည်အကြောင်းအရာများကို၊
သာသနာပိုင် ဆရာတော်ထံ၊ မှာဝရ စာတမ်းပြု
လုပ်မှတ်သား ထားရမည်။ သည်ကဲ့သို့၊ စာရင်း
များကိုစုံလင်မှန်ကန်စွာ ထားနိုင်ရန်ဆုံးဖြတ်ချက်
အပြီးအဆုံး တိုင်၍ ခိုင်းမာသည် နှင့်ထပြိုင်နက်။
ဆုံးဖြတ်ချက် လက်ခံကိုဆုံး ဖြတ်ရင်းပုဂ္ဂိုလ်က
နည်းလမ်းအတိုင်း။ သာသနာပိုင် ဆရာတော်ထံ
တင်ပို့ရမည်။ ၎င်းကဲ့သို့—ပါရာဇိကကျသော သူ၊
ရဟန်းဘောင်မှအကြဉ်ခံရသောသူတိုက်တာမှနှင်
ထုတ်ခြင်းခံရသော သူတို့ကို လည်း၊ မည်သည့်
ကျောင်းတိုက်။မည်သည့်ဂိုဏ်းများကမှလက်ခံခွင့်
မပြုရ။

၉၀၊ ။သပိတ်မှောက်ခြင်း။ သံဃာကြဉ်ခြင်းစသော အရာ
များမှာလည်း၊မန္တလေးမြို့တွင်ဖြစ်သျှင်၊တိုက်အုပ်
သို့မဟုတ်တိုက်ကြပ်။ အခြား မြို့ရွာတွင် ဖြစ်သျှင်
ဂိုဏ်းအုပ်ဂိုဏ်းထောက် ပုဂ္ဂိုလ်တို့ကိုမတိုင်မကြား
ဘဲအလိုအလျှောက်ပြုလုပ်မရှိရ၊

၉၁။ ။တိုက်တာအတွင်း။ အာဂန္တုကရဟန်းတို့ လာရောက်
သည့်အခါ၊ပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကို ထောက်၍၊
ရာဇဝတ်– ဓမ္မဝတ်များနှင့်စွန်းညိမည့်ယုံမှား သံသ
ယရှိလျှင်၊အနည်းဆုံး ရဟန်း—၂– ပါးခံဝန်သူရှိမှ
တည်း ခွင့်ပြုရမည်၊ အာဝါသိကရဟန်းသော်၎င်း
အာဂန္တုကရဟန်းသော်၎င်း၊တိုက်အုပ်တိုက်ကြပ်။
ဂိုဏ်းချုပ်ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့၏ဩဇာ အာ
ဏာကိုမနှိမ့်နာရှိလျှင်။ အနီးဆုံး-ပုလိပ် အရာရှိထံ

ဖြစ်စေ။ရာဇဝတ်တရားသူကြီးထံဖြစ်စေ။တိုင်တန်းရမည်။

၇၂။ ။တိုက်တာအတွင်းကျောင်းဇရပ်စသော။အဆောက်အအုံတို့၌။ ဝိနည်းကျင့်ဝတ်နှင့်လျော်သောကပ္ပိယကျောင်းစာရေး။စသည်တို့မှတပါး။ အိမ်ထောင်စုံစသော လူဒါယကာတို့ အိပ်ရာနေရာ။ စားအိုးစားခွက်နှင့်။အစဉ်အမြဲဝင်ရောက် နေထိုင်ခွင့်မပြုရ။၇-ရက်ထက်မိုလျှင်။အာဘာပိုင်ပုဂ္ဂိုလ်တို့ထံမှ အခွင့်အမိန့်ရစေရမည်။

၇၃။ ။ဥပသမ္ပဒကံဆောင်လိုသောရဟန်းလောင်းတို့မှာ။ ရဟန်းခံထိုက်သောဂုဏ်အင်္ဂါနှင့် ကောင်းစွာညီညွတ်စေရမည်။ ၎င်းကံဆောင်ပြီး ရဟန်းတို့မှာ။ ရဟန်းသံဃာတော်တို့ အတိုးအပွါး။ ရဟန်းစစ်ရဟန်းယောင်များကို၊ ခြားနားသိသာစေရန် ဥပသမ္ပဒစာတမ်းကို။ဆိုင်ရာဂိုဏ်းချုပ်။ဂိုဏ်းအုပ်။ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့ထံ။ နည်းလမ်းအတိုင်းတင်ပို့ရမည်။

၇၄။ ။အနီးအဝေး အရပ်ရပ်ရှိ။ ရဟန်း သံဃာတော်တို့ကျင့်ဆောင်ရန်များမှာ။ပဉ္စမသင်္ဂါယနာတင်။မင်းတရားကြီးလက်ထက် သုဓမ္မာဆရာတော်တို့ထုတ်ဆင့်သော ဥပဒေ၊ ၁၂၄၅ခုနှစ်။ သာသနာပိုင်တောင်တော် ဆရာတော်ဘုရားကြီးနှင့် တကွ။တံဆိပ်တော်ရဆရာတော်(၇၂)ပါးတို့အစုံအညီညှိနှိုင်းထုတ် ပြန်ပြဌာန်းပြီး ဥပဒေ စကားချက်များတွင်။ ကာလဒေသအလိုက်အနည်းငယ် ပြင်ဆင်သင့်ရာပြင်ဆင်၍။ ထုတ်ဆင့်သည့်ဥပဒေအတိုင်းဖြစ်စေရမည်။

## စတုတ္ထကဏ္ဍ

မန္တလေးရတနာပုံမြို့တည်၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်၊ သုဓမ္မာဆရာတော်တို့၊ ထုတ်ဆင့်သောဥပဒေ။ တောင်တော် သာသနာပိုင်။ ဆရာတော်ဘုရားကြီးအမှူးရှိသော၊ မန္တလေးမြို့ရှိ၊ တံဆိပ်တော်ရ။ ဆရာတော်။ ၇၂-ပါးတို့ ရုံးညီ။ သက္ကရာဇ် ၁၂၄၅-ခု၊ နယုန်လဆန်း-၁၃- ရက်နေ့။ ပြဋ္ဌာန်းမိုင်းခြားထုတ်ဆင့်တော်မူသော ဥပဒေများကို။ ကာလဒေသအလိုက်-အနည်းငယ်ပြုပြင်သည့်။ ရဟန်းသံဃာတော်တို့၊ ကျင့်ဆောင်ရန်ဥပဒေ။

---

### မန္တလေးမြို့
### ရဟန်းသံဃာတော်တို့ကျင့်ဆောင်ရန်ဥပဒေ

(၁-မှတ်) တံဆိပ်တော်ရ ဆရာတော်။ သုဓမ္မာ ဆရာတော်။ မန္တလေးမြို့။ ၄-ပြင်ဌာနချုပ်၊ တိုက်အုပ်၊ တိုက်ချုပ် တိုက်ပိုင်တို့မှာ။ မြတ်စွာဘုရား။ သာသနာတော် အရှည်သဖြင့် တည်တွန့်ပြန့်ပွါးစေခြင်းငှါ။ တပည့် ပရိသတ်ကို။ သာပတ္တိက။ အနာပတ္တိကစသော။ ဝိနည်းအဆုံးအဖြတ်နှင့် တကွ။ ပြသဆုံးဖြတ်နိုင်းလောက်အောင်။ ဥဿုဘော ပိဋကင်းကို လေ့ကျက်ကြရမည်။

(၂-မှတ်) တိုက်တွင်းရှိရဟန်းတို့မှာ။ ဝိနည်းတရားတော်သည်၊ သာသနာတော်အရှည်တည်တွန့်ခြင်း အကြောင်းဖြစ်၍။ ဒွေးမာတိကာများကို။ ဝါစုဂ္ဂတပြုပြီးလျှင်၊ နေ့စဉ် မပြတ်။

ဝတ်တက်ဝတ်ကပ်ရာတို့နှိက်။ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကိုပြုကြရမည်။ .... .... .... .... ၁

(၃-မှတ်) တိုက်တွင်းရှိ-သာ မထေရ်တို့မှာ။ဆရာဖြစ်သူ တိုက်အုပ်တိုက်ချုပ်တို့က။ လိင်၊ ဒဏ်။သေခိယ။ ရုဒ္ဒသခဏ္ဍက ဝတ်ပါဠိအနက်များကို။သင်အံလေ့ကျက်ဆောင် ရွက်ခြင်း သီလသိက္ခာနှိက်၊ ထိန်းသိမ်းစောင့်ရှောက်လိမ္မာ ယဉ်ကျေးအောင်။ ဆုံးမခြင်းကိုပြုကြရမည်။ .... .... ၁

(၄-မှတ်) မိမိတို့တိုက်တွင်းရှိ။ ရဟန်းခံထိုက်သည့်သာမထေရ်တို့ကို၊ဥပသမ္ပဒကံသို့ တင်ဆောင်ကြသည့် အရာမှာ။ အဓိဋ္ဌာန်ဝင်လောက်သည့်။သပိတ်သင်္ကန်းတို့ကို ရှေးဦးစွာ ပြည့်စုံစေ၍။ဥပသမ္ပဒကံ၏။အင်္ဂါလက္ခဏာတို့နှင့်။ ညီညွတ်အောင်ပြုလုပ်သည်ဖြင့်။ဥပသမ္ပဒကံသို့ တင်ဆောင် ပြီးသော်၊ ဝိနည်းသိက္ခာပုဒ်တော်ကိုထိန်းသိမ်း စောင့်ရှောက် ခြင်းနှိက်။ လိမ္မာယဉ်ကျေးစေခြင်းငှာ။ ဒွေးမာတိကာကိုသတ္တိဗျတ္တိအား လျော်စွာ သင်ကြား လေ့ကျက် ဆောင်ရွက် စေ၍။ နေ့စဉ်မပြတ်။ဝတ်တက်ဝတ်ကပ်များတွင်ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကိုပြုကြရမည် .... .... .... .... ၁

(၅-မှတ်) မိမိတို့တိုက်တွင်းရှိ။ တပည့် သူငယ်တို့ကို။ ရှင်သာမထေရ်ပြုကြသည့်အရာမှာ။နိဂ္ဂဟိတန္တ-မ- ကာရန္တ– နှစ်ပါးတို့တွင်။ တပါးပါးဖြင့်သရဏဂုံကိုပီပြင်စွာ ရွတ်နိုင်အောင်သွန်သင်ပြသပြီး၍။ ဥဘတောသုဒ္ဓိဖြစ်အောင်၊ရှင်သာမထေရ်ပြုပြီးလျှင်။ပစ္စဝေက္ခဏာ။လိင်။ ဒဏ်။သေခိယ၊ ရုဒ္ဒသခဏ္ဍကဝတ်ပါဠိအနက်များကိုသာမထေရ်တို့သတ္တိ ဗျတ္တိ အားလျော်စွာ။ လရက်နှင့်ရမိအောင်ကျက်မှတ်စေ၍။နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်ရာတွင်ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို ပြုကြစေရမည်။ .... .... .... .... ၁

(၆-မှတ်) သင်္ဃာအနည်းအများအနီးအဝေးကိုထောက်၍။ဥပုသ်ခေါင်း ခန့်ထားလျက်ရှိသည့် သင်္ဃာတို့မှာ။သင်္ဃာလုံလောက်သည့်အရာဖြစ်လျှင်။ အညီ အညွတ် စည်းဝေး၍၊ သုတ္တုဒ္ဒေသ။ သံဃဥပုသ်ကို၊သင်္ဃာမလောက်လျှင်။ ပါရိသုဒ္ဓိဥပုသ်ကိုပြု၍၊ ဓမ္မသာကစ္ဆ ဖြစ်အောင် တရားစကားတို့ကို။ ဆွေးနွေးမေးမြန်းပြောဆိုကြရမည်။ .... ....၁

(၇-မှတ်) တိုက်တွင်းရှိရဟန်းသာမဏေတို့မှာ။ ဆွမ်းစားသောက်သည့်အခါတို့နှိုက်၊သင်္ကန်းစသောအမူအရာတို့နှင့်ပြည့်စုံစွာပြု၍။စားသောက်ခြင်းဖြစ်အောင်။ ဆရာပြုလုပ်သူတို့က၊သေခိယသိက္ခာပုဒ်တော်နှင့်အညီသွန်သင်ပြသ။ အကြိမ်ကြိမ်ဆုံးမကြရမည်၊ .... .... .... ၁

(၈-မှတ်) ။မိမိတို့နေရာ တိုက်တွင်းမှာ သော်လည်း။ သင်္ကန်းဝတ်ခြင်း- ရုံခြင်း- သွားလာခြင်းကို။ ပြုသည့်အရာတို့၌။ထိမ္မာသိမြင်ဝတ်ရုံသွားလာခြင်းရှိအောင် နိဝါသနပါရုပ္ပနသိက္ခာပုဒ်တော်နှင့်အညီ။သွန်သင်ပြသ၊ အကြိမ်ကြိမ်ပြောဆိုဆုံးမကြရမည်၊ ... .... .... ၁

(၉-မှတ်) ။မိမိတို့နေရာတိုက်အရံမှထွက်၍။မြို့တွင်းရွာတွင်းသို့။ထွက်ဝင်သွားလာသည့်အခါတို့နှိုက်လည်း။ပရိမဏ္ဍလ။သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်နှင့်အညီ၊ အဝန်းညီစွာဝတ်ပြီးလျှင်၊ခါးပန်းကြိုးဘွဲ့စည်းခြင်း၊ လည်-လက်ကော်ဝတ်တို့ကို။ ဖုံးလွှမ်း၍၊အဝန်းညီစွာရုံခြင်း။ကမ္မတ်သီးတပ်၍။ အော်သို့ချသောမျက်လွှာကိုဖြစ်စေပြီးလျှင်၊ သမဏာသာရုပ္ပပါသာဒိကဖြစ်အောင်ထွက်ဝင်သွားလာခြင်းအမှုတို့ကိုပြုကြစေရမည်။၁

(၁၀-မှတ်) ။နံက်အခါဖြစ်စေ။နေလွဲအခါဖြစ်စေ။ မြို့တွင်း ရွာတွင်းသို့၊ ဝင်သွားသည့်အခါတို့နှိုက်လည်း။ဆရာကို ပန်ကြားရသော အာစရိယ ဝတ်နှင့်တကွ၊ ဂါမပဝေသန

သိက္ခာပုဒ်ရှိသည့်အားလျော်စွာ ပြုသင့်ကြသည့်အတိုင်း။ အခါ ဆေါ်တလျှင်ပြုအပ်သောအကြောင်းမရှိလျှင်။ဆရာဥပဇ္ဈာယ် တို့ကိုပန်ကြား၍။ဝင်သွားစေခြင်း။ ဆရာဥပဇ္ဈာယ်တို့မရှိလျှင် ထင်ရှားရှိသောရဟန်းတို့ကိုပန်ကြား၍။ ဝင်သွားစေခြင်းတို့ ကိုပြုကြစေရမည်။ .... .... .... ၁

(၁၁-မှတ်) ။မြို့တွင်းရွာတွင်းသို့ဝင်သွားနေထိုင်သည့် အခါလည်း။ဝတ်ရုံသည့်သင်္ကန်းကိုမြှောံ ချိုင် ပင့်၍ သွား လာနေထိုင်မရှိရအောင်၊ဥက္ခိတ္တကာယသိက္ခာပုဒ်တော်နှင့်အ ညီ။ပြောဆိုဆုံးမဩဝါဒပေးကြရမည်။ .... ....၁

(၁၂-မှတ်) ။ထီးကိုဆောင်းကြသည့်အရာမှာ။စီဝရဂုတ္တိ စသောအကျိုးကိုပြုရန်အခွင့်နှင့်တကွ၊သည်းခြေနာစသော၊အ ကြောင်းမရှိလျှင်။ထီးကိုဆောင်းမိုး၍ သွားလာ ခြင်းမှ။ ကြဉ် ရှောင်ခြင်းအမှုတို့ကိုပြုကြစေရမည်။ .... ....၁

(၁၃-မှတ်) ။ဝတ်ရုံသောသင်္ကန်းများမှာလည်း၊ မအပ် သောဆိုးရည်တို့ဖြင့်ဆိုး၍၊ မအပ်သောအရောင်အဆင်းဖြစ် သည်ဟုသိမြင်လျှင်။ထိုမအပ်သော ဆိုးရည်နှင့်တကွ၊ မအပ် သောအရောင်အဆင်းတို့မှ ပျော်ကင်းစေခြင်းငှာ၊ဖွပ်လျှော် ပြီးလျှင်။အပ်သောကပ္ပိယဆိုးရည်ဖြင့်။တဘန်ဆိုး၍ဝတ်ရုံသုံး ဆောင်စေရမည်။ .... .... .... ၁

(၁၄-မှတ်)၊ နေ့စဉ်မပြတ်။ဝတ်ဘက်ဝတ်ကာ်ခြင်းတို့ ကိုပြုရာ၌လည်း။ရဟန်းတို့မှာ။ဒွေမာတိကာနှင့်တကွ ဒသဓမ္မ သုတ်၊ပရိတ်တော်ဂါထာတော် များကို—ရွတ်ဘတ် သရဇ္ဈာယ် ခြင်း၊သာမဏေဘွဲ့မှာပစ္စဝေက္ခဏာ၊ လိင်။ဒဲဏ်၊သေခိယ၊

ဗုဒ္ဓသခဏ္ဍကာဝတ်။ဒွတ္တိံသကာ်ါယကမ္မဋ္ဌာန်းများကို။ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းအမှုတို့ကိုပြုကြစေရမည်။ .... ၁

(၁၅-မှတ်)။ ။ကပ္ပိယကာရကမရှိဘဲ သင်္ကန်း သပိတ် ပရိက္ခရာ တို့ကို၊ ကိုယ်တိုင် လဲလှယ်- ရောင်းဝယ်ခြင်း။ ရွှေငွေအနာမာသနိဿဂ္ဂိယ နုတ္တန်၊အ ကပ္ပိယ ဝတ္ထုတို့ ကို၊ ခံယူသုံးဆောင်ခြင်းအမှုတို့ကို။မပြုမကျင့်ရအောင် တားမြစ် ပြောဆိုကြရမည်။ .... .... .... ၁

(၁၆-မှတ်)။ ။ပစ္စည်း-၄-ပါးကိုအကြောင်းပြု၍။ပြည်သူဒါယကာ။ဒါယိကာမတို့ထံ၌ကပ်။ မအပ်မရာသောဝိညတ်။ပရိယာယ်။ဩဘာသနိမိတ်။ကုဟန။လပန၊သာသနာ့ဇပ္ပန။ဇာရိယာပထသဏ္ဌာပန-စသည့်တို့ကိုပြုကျင့်ခြင်း၊ဗေဒင်။ယတြာ။ဂါထာမန္တာန်။ထိုးကွင်း၊ ဆေးတွဲ၊ခါးလှည့်၊ အင်းအိုင်။ ရွှေလုပ် ငွေလုပ်စသောသာသနာတော်မှအပ။ဗုဒ္ဓပဋိကုဋ္ဌ ဖြစ်သော။ ဗာဟိရအတတ်တို့ကို။လော့ကျက်လုပ်ဆောင်ခြင်းအမှု၊မဂ်ဖိုလ် မှ—ဘီဆန်ရာဘီဆန်ကြောင်းဖြစ်သော။ တိရစ္ဆာနကထာစ သောစကားတို့ကို။ပြောဆိုခြင်းအမှုတို့ကို ပြုကျင့်ပြောဆိုမရှိ ရအောင်။ဆုံးမမြစ်တားကြရမည်၊ .... .... .... ၁

(၁၇-မှတ်)၊ ။လောကီဖြစ်သောလူတို့သည်၊ လော့ကျက် အပ်သောရတု။ရကန်။အဲအန်၊ဘီချင်းစသည့်တို့ကိုရွတ်ဘတ် ပြောဟောသရဇ္ဈာယ်ခြင်း၊ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်တို့ နှင့်မစပ်။မဆိုင်မခန့်သောဝတ္ထုသက်သေတို့ကို၊ လော့လာကျက် မှတ်၍၊စရပ်တန်းဆောင်း။ဂူကျောင်းဘုရားရပ်ကွက်ရပ်ကြား တို့၌။ပြောဟောခြင်းအမှုတို့ကိုမပြုမကျင့်ရအောင်ဆင့်ဆိုမြစ် တားကြရမည်။ .... .... ....၁

(၁၈—မှတ်)။ ။တိုက်တွင်းရှိ။ရဟန်းသာမဏေတို့ကို။ ဘုရားခွင့်ပြုတော်မူအပ်သောအနုညာတဖြစ်သူတို့မှ တပါးသောသူတို့အား။ပစ္စည်း—၄-ပါးကိုထောင့်တ၍။သစ်သီးပေးခြင်း။ပန်းပေးခြင်း။ ဆေးကုခြင်း စသော ကုလဒူသကရှစ်ပါး။ အနေသန နှစ်ဆဲ့တပါး တို့ကိုလည်း၊ မပြုမကျင့်စေမူ၍ ရှောင်ကြဉ်ထိန်းသိမ်းအောင်ပြောဆိုဆုံးမကြရမည်။.... ၁

(၁၉—မှတ်)။ ။အမိအဘစသော၊ဆွေမျိုးဖြစ်သူတို့မှတပါး။အဆွေမတော်သောအညာတိကဖြစ်သူတို့၏။ အမှုကိစ္စများသည်။ရတနာ-၃-ပါးနှင့်စပ်လျဉ်းသောအမှုမဟုတ်လျှင် မပြုသင့်သောဂိဟိကမ္မအမှုကိစ္စဖြစ်၍။ထိုအမှုတို့ကို။ ရဟန်းသံဃာတို့မပြုမကျင့်ရအောင်။ တင်းတင်းကြပ်ကြပ်ဆုံးမတားမြစ်ကြရမည်။ .... .... .... ....၁

(၂၀-မှတ်)။ ။ပြည်သူဒါယကာဒါယိကာမတို့၊ကုသိုလ်ကောင်းမှုပြုလို၍။ သံဃာ့ဒါနဆွမ်းလောင်းသည့်အရာများမှာလည်း။လှူဒါန်းသူဒါယကာ၊ဒါယိကာမတို့၊ သဒ္ဓါတရားဆုတ်ယုတ်ပျက်ပြားခြင်းမှ လွတ်ကင်း၍၊ သဒ္ဓါတရားတိုးပွါးခြင်းဖြစ်အောင်။အဘိုးအချေ မရှိစေရ။ရဟန်းတို့၏မူရာသွင်ပြင်နှင့်ပြည့်ရုံဖွာ၊သွားလာခံယူစေခြင်းအမှုတို့ကို။ပြုကျင့်အောင် သတိပေးသဖြင့်ပြောဆိုဆုံးမကြရမည်။ .... ....၁

(၂၁-မှတ်)။ ။မိမိတို့ထိန်းသိမ်းသည့်တိုက်အတွင်း၊ရဟန်းသာမဏေတို့။အမှုအရာမဟုတ်။ ဘုရားစက်ဆုတ်တော်မူအပ်သော။ လူတို့ကဲ့သို့အချင်းချင်း ခိုက်ရန်ဖြစ်ပွါး၍။ တုတ်လက်နက်စွဲကိုင်ရိုက်နှက်ခြင်း။ ခက်ဘင်မောင်းနှင်း။နင်ဟယ်ဆိုခြင်း။လက်သီးလက်ရုံးတန်းခြင်း-အမှုတို့ကို၊ အပြုအကျင့်မရှိရအောင်။နိုင်နိုင်နင်းနင်းဆင့်ဆိုတားမြစ်ကြရမည်။ ....၁

(၂၂-မှတ်)။ ။မိမိတို့မှာပြုလုပ်ရန်။ နဝကမ္မအမှုရှိလျှင် မိမိတို့အဆွေတော်သောဉာတိက ဖြစ်သူနှင့်။ အလိုရှိလျှင် တောင်းတော်မူပါဟု။ ဘိတ်မန်ဘူးသောပဝါရိတ ဖြစ်သူတို့မှ တပါး၊မင်းမှူးမတ်တို့နှင့်တကွ။ ပြည်သူစသောအညာတိကအ ပဝါရိတဖြစ်သူတို့ထံသွားလာချဉ်းကပ်၍၊ ရဟန်းတို့နှင့်မအပ် သောရွှေငွေအနာမာသနိသဂ္ဂိယဝတ္ထု၊ ဖျင်ပုဆိုးစသောကပ္ပိ ယဝတ္ထု၊ပုလဲပတ္တမြားစသောဒုက္ကဋ်ဝတ္ထုတို့ကို။ မအပ်သော တောင်းခြင်းဖြင့်။အတောင်းအခံမရှိရအောင်။ဆရာဖြစ်သူတို့ က။တင်းတင်းကြပ်ကြပ်ဆင့်ဆိုတားမြစ်ကြရမည်။ .... ၁

(၂၃-မှတ်) အရံတွင်းအရံပ ဖြစ်သော အရပ်ခပ်သိမ်း တို့နှိုက်၊မိမိထက်သိက္ခာဝါကြီးသော၊ သဘင်းကြီး ပုဂ္ဂိုလ်တို့ ကို။တွေ့မြင်ရှိလျှင်၊ ရိုသေစွာ ရှောင်လွှဲ၍။ ခရီးပေးခြင်းစ သောရိုသေကြိုးနွံ ကောင်းမွန်သော အခြင်း အရာတို့ကိုပြု၍။ သွားလာစေခြင်းအမှုတို့ကိုပြုကျင့်ကြစေရမည်။ .... ၁

(၂၄-မှတ်) ယမန်နေ့က။ အကပ်ခံအပ်ပြီးသော—ကွမ်း ဆေး စသည်တို့ကို။ယနေ့။အကပ်ခံအပ်သောယာဝကာလိက ယာမကာလိက-နှစ်ပါးတို့နှင့်ရောနှော၍။သုံးဆောင်ကြလျှင် သန္နိဓိဖြစ်ရာသော့ကြောင့်။ထိုသန္နိဓိ အဖြစ်မှလွတ်ကင်း စေ ခြင်းငှာ။သန္နိဓိဖြစ်သင့်သောကာလိကတို့နှင့်အရောအနှောမရှိ စေရ။သန့်ရှင်းစင်ကြယ်စွာပြု၍သုံးဆောင်ကြရမည်။ ၁

(၂၅-မှတ်) နေ့ညည့်မဆို။မြို့တွင်းရွာတွင်းများသို့။ဆည့် လည်သွားလာပြီးလျှင်။ဝိနည်းသိက္ခာပုဒ်တော်နှင့်မလျော်လူတို့ နှင့်ရောနှောပြွမ်းတီးလျှက်စကားပြောဟောခြင်း စသည်တို့ကို ပြုသဖြင့်။ နေ့ရက်ကိုကုန်စေခြင်း။ သင်္ဂဏိကာရာမ။ ကမ္မာ ရာမစသောအကြောင်းတို့ဖြင့်။ပေါင်းသင်းဆက်ဆံပျော်မွေ့

လိုသည်ဖြစ်၍။တတိုက်မှသည်တတိုက်။တကျောင်းမှသည်တကျောင်းသို့သွားလာခြင်းအမှုတို့ကိုမပြုမကျင့်စေရ။ မြတ်စွာဘုရားအလိုတော်ရှိအပ်သော။ဂန္ထဓူရ။ ဝိပဿနာ ဓူရတရားတို့ကိုသာအားထုတ်ကျင့်ကြံနေထိုင် ကြအောင်။ တိုက်တွင်းရှိရဟန်းသာမဏေတို့ကို။ပြောဆိုဆုံးမရမည်။ .... ၁

(၂၆-မှတ်) သူတပါးတို့၏တိုက်တာ အရံများသို့။ ဝင်သွားမည့်အခါလည်း၊ဘိနပ်ရုပ်ခြင်း၊ထီးရုပ်ခြင်း။သင်္ကန်းကို ညီညွတ် ကောင်းမွန်စွာ ပြုလျက်။ လက်ကာထေဝ့ ထိုးခြင်းစသော၊အာဂန္တုကပုဂ္ဂိုလ်တို့ပြုရသောဝတ်နှင့် ပြည့်စုံစွာ ပြုလုပ်ပြီးမှဝင်သွားကြအောင်။ဆရာဖြစ်သူတို့က သွန်သင်ပြသပြောဟောကြရမည်။ .... .... .... ၁

(၂၇-မှတ်) မိမိတို့တိုက်အတွင်း၌။မိမိတို့ကိုယ်နှင့် တကွ တိုက်တွင်းရှိကျောင်းနေပုဂ္ဂိုလ်တို့မှာ။တိရစ္ဆာန်များကိုမွေးထားပြီးလျှင်၊ငုံးမွေးထားသည့်တိရစ္ဆာန်တို့နှင့်တကွ။ သူတပါးတို့ထံမှ၊ငှားရမ်းသောတိရစ္ဆာန်တို့ကိုလည်းနှိုက်ကသဖြင့်။ ဂိလာနအကြောင်းကိုကြဉ်၍။ပျော်ရွှင် မြူးစား—ပလွှား လိုသောစိတ်ရှိသည်ဖြစ်၍။ထိုမှဤမှသွားလာခြင်းမရှိစေရရှောင်ကြဉ်ကြရမည်။ .... .... .... .... ၁

(၂၈-မှတ်) မြစ်ချောင်းကမ်းထိပ်တို့မှာ။နေထိုင်ကြသော ရဟန်းသာမဏေတို့ကိုလည်း၊မြူးထူးပျော်ပါးကစားလိုသော စိတ်ဖြင့်။မြစ်ရိုးချောင်းရိုးများ၌။ လှေလောင်းများကိုလူတို့ကဲ့သို့ပလွှားခြင်းကိုပြု၍လှော်သွားရန်ဆန်ကူးသန်းမရှိစေရ၊ဆရာဖြစ်သူတို့နှင့်တကွရှောင်ကြဉ်ထိန်းသိမ်းကြရမည်။ .... ၁

(၂၉-မှတ်) သာသနာတော်၏။ပြောင့်တံသင်းသဘွယ် ဖြစ်၍၊ရဟန်းသာမဏေတို့နှင့်မလျောက်ပတ်သည့်။လှေပွဲ။ဆုင်

ပွဲ။မြင်းပွဲသဘင်။ပျော်ရွှင်မြူးတူး။ပြိုင်ဆိုင်ရာ အရပ် များသို့။ သွားလာကြည့်ရှုနေထိုင်ခြင်း။ဆိုင်းဇာတ်ရုပ်စုံပွဲသဘင်မှ၎င်း အရပ်ရပ်ပွဲသဘင်များကို။မိမိတို့ကာယပယောဂ။ ဝစီပယော ဂပြု၍။အတီးအမှုတ်အကြည့်အရှုမရှိ။ ပေါ့ရမ်းသော့သွမ်း လူတို့အလေ့ ဒ လာဖြစ်သော ကစား လောင်းစားမှု များကို လည်းပြုမလုပ်စေရအောင်။ တင်းထင်းကြပ်ကြပ် ဆင့်ဆို မြစ်တားကြရမည်။ .... .... ၁

(၃၀–မှတ်) တုန်းရှို့ပြော်ခွဲ။မီးပန်းမီးကျည်မီးအိမ်ပျံစ သည့်တို့ကိုပြုလုပ်၍၊ရှို့ လွှတ်ခြင်းအမှုတို့သည်။ ရဟန်းသာမ ဏေတို့နှင့်မလျော်ပတ်သော၊အသာရုပ္ပအမှုဖြစ်၍။ထိုအမှုတို့ ကိုမပြုမကျင့်စေခြင်းငှာ။ရဟန်းသာမဏေတို့ကို။ တင်းထင်း ကြပ်ကြပ်မြစ်တားပြော်ဆိုကြရမည်။ .... .... ၁

(၃၁-မှတ်) မြို့တွင်းမြို့ပြင်၊ရွာတွင်းရွာပြင်တို့၌။ရောင်း ငယ်ဘောက်ကားရေ ဖြင်သောဈေးပြင်ကန္တာရအရပ်တို့သည်။ ပေါ်ကျားမိန်းမတို့ပြွမ်းတီးရောနှောရာအရပ်ဖြစ်၍။ ရဟန်း သာမဏေတို့သွားလာခြင်းငှာ။လျော်ပတ်သောအရပ် မဟုတ် သောကြောင့်။ထိုအရပ်များသို့ဖူးညွှန့်လည်သွားလာကြည့်ရှုတိုး ဝှေ့ခြင်းမရှိရအောင်၊ ရဟန်း သာမဏေတို့ကို တရားလမ်း ပြ၍သြဝါဒပေးကြရမည်။ .... .... .... ၁

(၃၂–မှတ်) မင်းကျွန်ဖြစ်သူ။သူခိုးထားပြဖြစ်သူ။သူပုန် သူကန်ဖြစ်သူ။သူတပါးတို့ကြွေးမြီတင်ရှိသောသူ။ အမိအဘ တို့ခွင့်မလွှတ်သောသူတို့သည်။ ချမ်းသာရာရလိုသည်ဖြစ်၍။ ရဟန်းသာမဏေပြုလုပ်ခြင်းငှာ၊ မိမိတို့ထံသို့ခိုဝင်လာလျှင်။ ထိုသူတို့ကိုအစိုးထရ ပြုလုပ်၍၊ ရဟန်းသာမဏေ ပြုခြင်း မှကြဉ်ရှောင်ခြင်း။ပြုလုပ်လိုလျှင်ထိုသူတို့ကို။အစိုးရသောသူ

တို့ထံသို့စေလွှတ်သဖြင့်။ အနှုးအညွတ်တိုင်ကြား ခွင့်ပန်စေ၍ အခွင့်ကိုရမှပြုကြရမည်။ .... .... .... ၁

(၃၃-မှတ်) ရဟန်းသာမဏေတို့သည် ကျွဲသေနွားသေ များကိုတွေ့မြင်ရှိလျှင်။ ပံသုကူလသညာဖြင့်။ကောက်ယူခြင်း နှင့်။ပိန္နည်းအပြစ်မရှိသော်လည်း။ လျှပ်ပေါ်လော်လည်ခြင်း ဟူသောလောလုပ္ပတဏှာဖြင့်။ ဘဏ္ဍနကာရကစသည့်မဖြစ် စေခြင်းငှာအကောက်အယူမရှိရှောင်ကြဉ်ကြရမည်။ ၁

(၃၄-မှတ်) ပဋိပတ္တိဓမ္မကိုကြိုးစားအား ထုတ်သည့်ရ ဟန်းမှဘပါး။ ပရိယတ္တိဓမ္မကိုအားထုတ်သည့် ရဟန်းသာမ ဏေတို့မှာဆရာဖြစ်သူတို့က။သင်ကြားကာ မတ္တ မဖြစ်စေရ။ သဒ္ဒါနယအတ္ထနယနှင့်တကွ။ အနက်အဓိပ္ပါယ်တို့ကို။ သိမြင် လိမ္မာအောင်ရွက်ဆောင်စေ၍။ပျော့ပတ်သည့်အခါနှင့်။ငှင်း သင်ကြားသည့်ကျမ်းဂန်အရများကို။ဓမ္မသာကစ္ဆာဖြစ်အောင် အချင်းချင်းဆွေးနွေးမေးမြန်းကြစေရမည်။

ပေါင်း-၃၄

## ပဌမကဏ္ဍ။

### မန္တလေးမြို့မှအပ။ အဝေးမြို့ရွာရှိ ရဟန်းသံဃာတော်တို့ ကျင့်ဆောင်ရန်ဥပဒေ။

**(၁-မှတ်)** ဂိုဏ်းချုပ်ပုဂ္ဂိုလ်တို့မှာ။ မြတ်စွာဘုရားသာသနာတော်အရှည်သဖြင့်။ တည်တန့်ပြန့်ပွါးစေခြင်းငှါ။ တပည့်ပရိသတ်တို့ကို။ သာပတ္တိကာ၊ အနာပတ္တိကာစသော။ ဝိနည်းအဆုံးအဖြတ်နှင့်တကွ ပြသဆုံးမနိုင်လောက်အောင်။ ဥဘတောဝိဘင်းကို လေ့ကျက်ကြရမည်။ .... ၁

**(၂-မှတ်)** အကြီးအအုပ်ပြုလုပ်သူ။ ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့မှာ။ ကမ္မာကမ္မဝိနိစ္ဆယအရာတို့၌ လိမ္မာစေခြင်းငှာ။ ဝိနည်းလေးစောင်။ ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့မှာ။ ဒွေမာတိကာ။ ခုဒ္ဒသိက္ခာ၊ ဂိုဏ်းသားရဟန်းတို့မှာ၊ ဒွေမာတိကာ ဘိက္ခုပါတိမောက်များကို၊ ပဂုဏ ဝါစုဂ္ဂတပြု၍။ လေ့လာကျက်မှတ်ဆောင်ရွက်ကြရမည် ။.... .... .... ၁

**(၃-မှတ်)** မိမိတို့ဂိုဏ်းတွင်းရှိ။ ရဟန်းခံထိုက်သည့်သာမဏေတို့ကို။ ဥပသမ္ပဒကံသို့တင်ဆောင်ကြသည့်အရာမှာ။ အမိန့်ဝင်လောက်သည့်။ သပိတ်သင်္ကန်းတို့ကို။ ရှေးဦးစွာပြည့်စုံစေ၍။ ဥပသမ္ပဒကံ၌။ အင်္ဂါလက္ခဏာတို့နှင့်။ ညီညွတ်အောင်ပြုလုပ်သဖြင့်။ ဥပသမ္ပဒကံသို့ တင်ဆောင် ပြီးသော်။ ဝိနည်းသိက္ခာပုဒ်တော်ကိုထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့်။ လိမ္မာယဉ်ကျေးစေခြင်းငှာ။ ဒွေးမာတိကာကို။ သတ္တိဗျတ္တိအားလျော်စွာသင်ကြားလေ့ကျက်ဆောင်ရွက်စေ၍။ နေ့စဉ်မပြတ် ဝတ်ထက်ဝတ်ကပ်များတွင်ရွတ်ဘတ် သရဇ္ဈာယ်ခြင်းကို ပြုကြရမည်။ .... ... ၁

(၄-မှတ်) မိမိတို့ကျောင်းတွင်းရှိ၊ ထပည့် သူငယ်တို့ကို၊ ရှင်သာမဏေပြုကြသည့်အခါမှာ။ နိဂ္ဂဟိတန္တ-မကာရန္တနှစ်ပါးတို့တွင်။ ထပါးပါးဖြင့်သရဏဂုံကို။ ပီပြင်စွာရွတ်နိုင်အောင် သွန်သင်ပြသပြီး၍။ ဥဘတောသုဒ္ဓိဖြစ်အောင်။ ရှင်သာမဏေပြုပြီးလျှင်။ ပစ္စဝေက္ခဏာ။ လိင်။ ဒဏ်။ သေခိယ။ ခုဒ္ဒသခဏ္ဍက ဝတ်ပါဠိအနက်များကို၊ သာမဏေတို့- သတ္တိ ဗျတ္တိအားလျော်စွာ။ လရက်နှင့်ရမိအောင်ကျက်မှတ်စေ၍၊ နေ့စဉ်မပြတ်။ ဝတ်တက်ဝတ်ကပ်ရာတွင်။ ရွတ်ဘတ် သရဇ္ဈာယ်ခြင်းကို ပြုကြရမည်၊ .... .... .... ....၁

(၅-မှတ်) သင်္ဃာအနည်းအများ။ အနီးအဝေးကိုထောက်၍။ ဥပုသ်ခေါင်းခန့်ထားလျက်ရှိသည့်သင်္ဃာတို့မှာ။ သင်္ဃာလုံလောက်သည့်အရာဖြစ်လျှင်။ အညီအညွတ် စည်းဝေး၍၊ သုဒ္ဓ၊ ဒွေ့သ၊ သံဃဥပုသ်။ သင်္ဃာမလောက်လျှင်။ ပရိသုဒ္ဓိဥပုသ်တို့ကို ပြု၍။ ဓမ္မသာကစ္ဆာဖြစ်အောင်တရားစကားတို့ကို ဆွေးနွေးမေးမြန်းပြောဆိုကြရမည်။ .... .... ....၁

(၆-မှတ်) ကျောင်းတွင်းရှိရဟန်းသာမဏေတို့မှာ။ ဆွမ်းစားသောက်သည့်အခါတို့နှိုက်၊ သက္ကစ္စစသောအမူ အရာတို့နှင့် ပြည့်စုံစွာပြု၍။ စားသောက်ခြင်းဖြစ်အောင်။ ဆရာပြုလုပ်သူတို့က။ သေခိယသိက္ခာပုဒ်တော်နှင့်အညီ သွန်သင်ပြသ။ အကြပ်ကြပ်ဆုံးမကြရမည်၊ .... ―― .... ၁

(၇-မှတ်) မိမိတို့နေရာတိုက်တွင်းမှာသော်သည်း၊ သင်္ကန်းဝတ်ခြင်းရုံခြင်းသွားလာခြင်းကို။ ပြုသည့်အရာတို့နှိုက်။ ထိမ္မာ သိမြင်ဝတ်ရုံ သွားလာခြင်းရှိအောင်နှင့်ဝါသနပါရုပ္ပန သိက္ခာပုဒ်တော်နှင့်အညီ။ သွန်သင်ပြသ။ အကြပ်ကြပ်ပြောဆိုဆုံးမကြရမည်၊ .... .... .... .... ၁

(၈-မှတ်) မိမိတို့နေရာတိုက်အရံမှထွက်၍၊မြို့တွင်းရွာတွင်းသို့၊ထွက်ဝင်သွားလာသည့်အခါတို့၌လည်း။ ပရိမဏ္ဍလ၊သုပ္ပဋိစ္ဆန္နသိက္ခာ ပုဒ်တော်နှင့် အညီ။ အဝန်းညီစွာဝတ်ပြီးလျှင်၊ခါးပန်းကြိုးဘွဲ့စည်းခြင်း။ လည်လက်ကောက် ဝတ်တို့ကိုဖုံးလွှမ်း၍။အဝန်းညီစွာရုံခြင်း။ ဂ-မှတ်သီးတပ်၍။အောက်သို့ချသောမျက်လွှာကိုဖြစ်စေပြီးလျှင်။ သမဏသာရုပ္ပပါသာဒိကဖြစ်အောင်ထွက်ဝင် သွား လာခြင်း အမှုတို့ကို ပြုကြစေရမည်။ .... .... .... .... ၁

(၉-မှတ်) နံက်အခါဖြစ်စေ။နေလွဲအခါဖြစ်စေ။ မြို့တွင်းရွာတွင်းသို့။ဝင်သွားသည့်အခါတို့၌သည်း ဆရာကိုပန်ကြားရာသောအာစရိယ ဝတ်နှင့်တကွ၊ ဂါမပဝေသန သိက္ခာပုဒ်ရှိသည့်အားလျော်စွာပြုသင့်ကြသည့်အတိုင်း၊အဆောတလျင်ပြုအပ်သောအကြောင်းမရှိလျှင်၊ဆရာဥပဇ္ဈာယ်တို့ကိုပန်ကြား၍။ဝင်သွားစေခြင်း။ ဆရာဥပဇ္ဈာယ်တို့မရှိလျှင်။ ထင်ရှားရှိသောရဟန်းတို့ကို။ပန်ကြား၍ ဝင်သွားစေခြင်းတို့ကိုပြုကြစေရမည်။ .... .... .... .... ၁

(၁၀-မှတ်) မြို့တွင်းရွာတွင်းသို့ဝင်သွား နေထိုင်သည့်အခါလည်း။ဝတ်ရုံသည့်သင်္ကန်းကိုဖြောက်ပင့်၍ သွားလာနေထိုင်မရှိရအောင်။ ဥက္ခိတ္တကာယသိက္ခာ ပုဒ်တော်နှင့် အညီ ပြောဆိုဆုံးမဩဝါဒပေးကြရမည်။ .... .... ၁

(၁၁-မှတ်) ထီးကိုဆောင်း ကြသည့် အရာမှာ။ စီဝရဂုတ္တစသောအကျိုးကိုပြုရန်။ အခွင့်နှင့်တကွ။ သည်းခြေနာ-စသောအကြောင်းမရှိလျှင်၊ထီးကိုဆောင်းမိုး၍သွားလာခြင်းတို့မှ။ကြဉ်ရှောင်ခြင်းအမှုတို့ကိုပြုကြစေရမည်။ .... ၁

(၁၂-မှတ်) ဝတ်ရုံသောသင်္ကန်းများမှာလည်း။ မအပ်သောဆိုးရည်တို့ဖြင့်ဆိုး၍။မအပ်သော အရောင် အဆင်းဖြစ်သည်ဟုသိမြင်လျှင်။ထိုမအပ်သော ဆိုးရည်နှင့်တကွ။ မအပ်သောအရောင်အဆင်းတို့မှပျောက်ကင်းစေခြင်းငှါ။ဘွပ်လျှော်ပြီးလျှင်၊အပ်သောကပ္ပိယဆိုးရည်ဖြင့်တဘန်ဆိုး၍၊ဝတ်ရုံသုံးဆောင်ပြုကြစေရမည်။ .... .... .... ၁

(၁၃-မှတ်) နေ့စဉ်မပြတ်၊ ဝတ်တက်ဝတ်ကပ်ခြင်းတို့ကိုပြုရာနိုက်လည်း။ရဟန်းတို့မှာ။ ဒွေးမာတိကာနှင့်တကွ ဒသဓမ္မသုတ်။ပရိတ်တော်ဂုဏ်တော်များကိုရွတ်ဘတ်သရဇ္ဈာယ်ခြင်း။သာမဏေတို့မှာပစ္စဝေက္ခဏာ၊လိင်။ဒဏ်။သေခိယ။ ဗုဒ္ဓသခင်္ဂါကဝတ်။ဒွတ္တိံသာကာရကမ္မဋ္ဌာန်းများကို၊ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းအမှုတို့ကိုပြုကြစေရမည်။ .... ၁

(၁၄-မှတ်) ကပ္ပိယကာရကမရှိဘဲသင်္ကန်းသပိတ်ပရိက္ခရာတို့ကို၊ ကိုယ်တိုင်လဲလှယ် ရောင်းဝယ်ခြင်း၊ ရွှေငွေအနာမာသနိဿဂ္ဂိယဒုက္ကဋ်။ အကပ္ပိယဝတ္ထုတို့ကိုခံယူ သုံးဆောင်ခြင်းအမှုတို့ကို၊ မပြုမကျင့်ရအောင်ထား မြစ်ပြောဆိုကြရမည်။ .... .... .... .... ၁

(၁၅-မှတ်) ပစ္စည်း၄ပါးကိုအကြောင်းပြု၍။ ပြည့်သူဒါယကာ၊ဒါယကာမတို့ထံနိုက်။ မအပ်မရာသော ဝိညတ်။ ပရိယာယ်၊ဩဘာသနိမိတ်။ကုဟန်။လပန်။သာမန္တဇပ္ပန်။ဣရိယာပထသဏ္ဌာပန-စသည်တို့ကို။ ပြုကျင့်ခြင်း။ ဗေဒင်၊ယတြာ။ ဂါထာမန္တာန်၊ထိုးကွင်း၊လက်ဘွဲ့၊ခါးဖွဲ့။အင်းအိုင်၊ ရွှေလုပ်ငွေလုပ်စသောသာသနာတော်မှအပ။ ဗုဒ္ဓပဋိကုဋ္ဌဖြစ်သော။ဗာဟိရအတတ်တို့ကို။လေ့ကျက်လုပ်ဆောင်ခြင်းအမှု။ မဂ်ဖိုလ်မှတ်ဆန့်ရာတိဆန့်ကြောင်းဖြစ်သော။တိရစ္ဆာနကထာစသော

ဝကာ္ဘးတို့ကို။ ပြောဆိုခြင်း အမှုတို့ကို ပြုကျင့် ပြောဆိုမရှိရအောင်။ဆုမ္မမြစ်တားကြရမည်။ .... .... ၁

(၁၆-မှတ်) လောကီဖြစ်သောလုတ္တိုသည်လေ့ကြက်အပ်သောရတု၊ရကန့်၊အဲအန်၊သီချင်းစသည်တ္တိုကိုရွတ်ဆတ်ပြောပောဟသရဏ္ဍါယ်ခြင်း။ပါဠိဣဋ္ဌကထာဋီကာကျမ်းတို့နှက်မစပ်မခိုင်မခန့်သော ဝဏ္ဏုသက်သေတို့ကို။ လေ့လာကျက်မှတ်၍။စရပ်ထန်းဆောင်း။ဂူကျောင်းဘုရား။ ရပ်ကွက်ရင်ကြွားတို့နှက်၊ ပြောပောခြင်းအမှုတို့ကိုမပြုမကျင့်ရအောင် ဆင့်ဆိုမြစ်တားကြရမည်။ .... .... ... ၁

(၁၇-မှတ်) ကိုကျမ်းတွင်ရှိ။ရဟန်းသာမဏေတို့ကို။ဘုရားခွင့်ပြုတော်မူအပ်သောအနုညာတဖြစ်သူတို့မှ။တပါးသောသူတို့အား။ပစ္စည်း ၄ ပါးကိုတောင့်တ၍။သစ်သီးပေးခြင်း။ပန်းပေးခြင်း။ဆေးကုခြင်းစသော။ကုလဒူသကရှစ်ပါး။အနေသနနှစ်ဆဲ့တပါးတို့ကိုလည်း။ မပြုမကျင့်စေမူ၍၊ရှောင်ကြဉ်ထိန်းသိမ်းအောင်ပြောဆိုဆုမ္မကြရမည်။ .... ၁

(၁၈-မှတ်)။ ။အမိအဘစသော။ဆွေမျိုးဖြစ်သူတို့မှတပါး။အဆွေမတော်သောအညာတိကဖြစ်သူတို့၏။ အမှုကိစ္စများသည်။ရတနာ-၃-ပါးနှင့်စပ်လျဉ်းသောအမှုမဟုတ်လျှင်၊မပြုသင့်သော ဂိဟိကမ္မအမှုကိစ္စဖြစ်၍၊ထိုအမှုတို့ကို၊ရဟန်းသံဃာတို့မပြုမကျင့်ရအောင်။ တင်းတင်းကြပ်ကြပ်ဆုံးမတားမြစ်ကြရမည်။ .... .... .... .... ၁

(၁၉-မှတ်)၊ ပြည်သူဒါယကာ။ဒါယကာမတို့။ကုသိုလ်ကောင်းမှုပြုလို၍။သံဃာဒါနဆွမ်းလောင်းသည့်အရာများမှာလည်း၊လှူဒါန်းသူဒါယကာ၊ ဒါယကာမတို့၊ သဒ္ဓါတရားဆုတ်

ယုတ်ပျက်ပြားခြင်းမှ လွတ်ကင်း၍၊ သဒ္ဒါတရားတိုးပွါးခြင်း ဖြစ်အောင်၊ အတိုးအဝှေ့မရှိစေရ။ ရဟန်းတို့၏မူရာသွင်ပြင် နှင့်ပြည့်စုံစွာ။ သွားလာခံယူစေခြင်းအမှုတို့ကို၊ ပြုကျင့်အောင် သတိပေးသဖြင့်ပြောဆိုဆုံးမကြရမည်၊ .... ....၁

(၂၀-မှတ်)။ ။မိမိတို့ထိန်းသိမ်းသည့်ဂိုဏ်းတွင်းရှိ။ ရဟန်းသာမဏေတို့အား။ အမှုအရာမတတ်။ ဘုရားစက်ဆုပ်တော်မူအပ်သော။ လူတို့ကဲ့သို့။ အချင်းချင်းခိုက်ရန်ဖြစ်ပွါး၍ တုတ်ထက်နက်စွဲကိုင်ရိုက်နှက်ခြင်း။ ခက်တင်ယောင်းနှင်း။ နင်ဟယ်ဆိုခြင်း ။လက်သီးလက်ရုံးတန်းခြင်းအမှုတို့ကို။ အပြုအကျင့်မရှိစေရ။ နိုင်နင်းအောင်ဆင့်ဆိုတားမြစ်ကြရမည်၊ ၁

(၂၁-မှတ်) မိမိတို့မှာ ပြုလုပ်ရန်၊ နဝကမ္မအမှုရှိလျှင်။ မိမိတို့ဆွေတော်သော၊ ဉာတိကဖြစ်သူနှင့် အလိုရှိလျှင်၊ တောင်းတော်မူပါဟု။ ဖိတ်မံထားသော။ ပဝါရိတဖြစ်သူတို့မှတပါး၊ မင်းမှူးမတ်တို့နှင့်တကွ။ ပြည်သူစသော၊ အညာတိက။ အပဝါရိတဖြစ်သူတို့ထံ သွားလာချဉ်းကပ်၍၊ ရဟန်းတို့နှင့်မအပ်သော၊ ရွှေငွေအနာမာသနိဿဂ္ဂိယဝတ္ထုံ၊ ဖျင်ပုဆိုးစသော ကပ္ပိယဝတ္ထု၊ ပုလဲ-ပတ္တမြားစသောဒုက္ကဋ်ဝတ္ထုတို့ကို။ မအပ်သောတောင်းခြင်းဖြင့်။ အဘောင်း-အခံမရှိရအောင်ဆရာဖြစ်သူတို့က၊ တင်းတင်းကြပ်ကြပ်ဆင့်ဆိုတားမြစ်ကြရမည်၊....၁

(၂၂-မှတ်) အရံတွင်း-အရံပဖြစ်သော၊ အရပ်ခပ်သိမ်းတို့နှိုက်။ မိမိထက်-သိက္ခာ-ဝါကြီးသော၊ သတင်းကြီး ပုဂ္ဂိုလ်တို့ကို၊ တွေ့မြင်ရှိလျှင်၊ ရိုသေစွာရှောင်လွှဲ၍။ ခရီးပေးခြင်းစသော။ ရိုသေကျိုးနွံ့ကောင်းမွန်သောအခြင်း အရာတို့ကိုပြု၍။ သွားလာစေခြင်းအမှုတို့ကိုပြုကျင့်ကြရမည် ....၁

(၂၃-မှတ်) ယမန်နေ့က။ အကာဝ်ခံအပ်ပြီးသော။ ကွမ်း ဆေး-စသည့်တို့ကို။ ယနေ့အကာင်ခံအပ်သော၊ ယာဝကာလိ က။ယာမကာလိက။နှစ်ပါးတို့နှင့်ရောနှော၍သုံးဆောင်ကြလျှင် သန္နိဓိဖြစ်ရာသောကြောင့်။ ထိုသန္နိဓိအဖြစ်မှ လွတ်ကင်းစေ ခြင်းငှာ။သန္နိဓိဖြစ်သင့်သောကာလိကတို့နှင့်အရောအနှောမရှိ စေရ။သန့်ရှင်းစင်ကြယ်စွာပြု၍သုံးဆောင်ကြရမည်။ .... ၁

(၂၄-မှတ်) နေ့ညည့်မဆို။ မြို့တွင်း—ရွာတွင်းများသို့။ လှည့်လည်သွားလာပြီးလျှင်ဝိနည်းသိက္ခာပုဒ်တော်နှင့်မလျော် လူတို့နှင့်ရောနှောပွမ်းတီးလျက်။စကားပြောဟောခြင်းစသည့် တို့ကိုပြုသဖြင့်။နေ့ရက်ကိုကုန်စေခြင်း။သင်္ဂဟိကာပါရာမ။ကမ္မါ ရာမ-ရသောါအကြောင်းတို့ဖြင့်။ပေါင်းသင်းဆက်ဆံပျော်မွေ့ လိုသည်ဖြစ်၍။တတိုက်မှသည့်တတိုက်။ တကျောင်းမှသည်။ တကျောင်းသို့သွားလာခြင်းအမှုတို့ကို။မပြုမကျင့်စေရ။မြတ် စွာဘုရားအလိုတော်ရှိအပ်သောဂန္ဓာရုရဝိပဿနာဓုရတရား တို့ကိုသာ။အားထုတ်ကျင့်ကြံနေထိုင်ကြအောင်။ ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေဘို့ကို။ပြောဆိုသုံးမကြ ရမည်။ ... ....၁

(၂၅-မှတ်) သူတပါးတို့၏တိုက်တာအရံများသို့။ ဝင် သွားမည့်အခါလည်း။ဘိနပ်ရုပ်ခြင်း။ထီးရုပ်ခြင်း။ သင်္ကန်းကို ညီညွတ်ကောင်းမွန်စွာပြုလျက်။ လက်ကတော့ ထိုးခြင်း။စ သောအာဂန္တုကဝတ္တိုလ်ဘို့ပြုရာသောဝတ်နှင့် ပြည့်စုံစွာပြု လုပ်ပြီးမှ၊ဝင်သွားကြအောင်။ဆရာဖြစ်သူတို့က။ သွန်သင်ပြ သပြောဟောကြရမည်။ .. .... ....၁

(၂၆-မှတ်) ဓိဒိဘို့-ဂိုဏ်းအတွင်း။ မိမိဘို့ကိုယ်နှင့်တ ကွ။ဂိုဏ်းတွင်းရှိ ကျောင်းနေဝတ္တိုလ်တို့မှာ။ ကျွဲနွားများကို မွေးထားပြီးလျှင်။ငင်းမွေးထားသည့်ကျွဲနွားတို့နှင့်တကွ။ သူ တပါးတို့ထံမှ။ ငှားရမ်းသောကျွဲနွားတို့ကို။ ဈည်းနှိုက်ကစေ ခြင်း။ကသောရထားများကို။ ငှားရမ်း၍ဖြစ်စေ။ ဂိလာနအ

ကြောင်းမရှိဘဲ။ပျော်ရွှင်မြူးစား-ပဿွားလိုသောစိတ်ရှိသည်ဖြစ်၍။ထိုမှဤမှသွားသာခြင်းမရှိစေရ။ရှောင်ကြဉ်ကြရမည် —၁

(၂၇—မှတ်) မြစ်ချောင်း ကမ်းထိပ်တို့မှာ။ နေထိုင်ကြသော။ရဟန်းသာမဏေတို့ကိုလည်း။ မြူးထူးပျော်ပါး-ကစားလိုသောစိတ်ဖြင့်။မြစ်ရိုးချောင်းရိုးများနှိုက်။ လှေလောင်းများကို။လူတို့ကဲ့သို့ပဿွားခြင်းကိုပြု၍။ လှော်သွားရန်ဆန် -ကူးသန်းမရှိစေရ။ဆရာဖြစ်သူတို့နှင့်တကွ ရှောင်ကြဉ်ထိန်းသိမ်းကြရမည်။ .... .... .... .... ....၁

(၂၈—မှတ်) သာသနာတော်၏။ပြောင့်တံသင်းသဘွယ်ဖြစ်၍။ ရဟန်းသာမဏေတို့နှင့် မလျော်မလျောက်ပတ်သည့်လှေပွဲ—ဆင်ပွဲ-မြင်းပွဲသဘင်ပျော်ရွှင်မြူးထူး။ မြို့ဆိုင်ရာအရပ်များသို့။သွားလာကြည့်ရှုနေထိုင်ခြင်း။ဆိုင်း-ဇာတ်-ရုပ်ရုံပွဲသဘင်မှစ၍အရပ်ရပ်ပွဲသဘင်များကို။မိမိတို့ကာယပယောဂ။ဝစီပယောဂပြု၍။ အတီး—အမှုတ်-အကြည့်အရှုမရှိ။ပျော့ရမ်းသော့သွမ်း။လူတို့အလေ့အလာဖြစ်သော။ကစားလောင်းစါးမှုမျိုးကိုလည်းမပြုမလုပ်စေရအောင်။တင်းတင်းကြပ်ကြပ်ဆင့်ဆိုမြစ်ထားကြရမည်။ .... .... ....၁

(၂၉-မှတ်) တုန်းရှို့။ပြောက်ခွဲ။ မီးပန်း-မီးကျည်—မီးအိမ်ပျံစသည့် တို့ကိုပြုလုပ်၍။ ရှို့သွင်းခြင်း အမှုတို့သည်။ရဟန်းသာမဏေတို့နှင့်မလျောက်ပတ်သော။ အသာရုပ္ပအမှုဖြစ်၍-ထိုအမှုတို့ကိုမပြုကျင့်စေခြင်းငှာ။ ရဟန်းသာမဏေတို့ကို။တင်းတင်းကြပ်ကြပ်မြစ်တားပြောဆိုကြရမည်။ ....၁

(၃၀-မှတ်) မြို့တွင်းမြို့ပြင်။ ရွာထွင်း ရွာပြင်တို့နှိုက်။ရောင်းဝယ်ဘောက်ကားရာဖြစ်သောဈေးပြင်ကန္တားအရပ်တို့သည်။ယောက်ကျားမိန်းမတို့ကြွမ်းတီးရောနှောရာ အရပ်ဖြစ်၍။ရဟန်းသာမဏေတို့သွားလာခြင်းငှာ။ လျောက်ပတ်သော့အ

ရပ်မဟုတ်သောကြောင့်။ ထိုအရပ်များသို့သွားသည့်လည်းသွားလာကြည့်ရှုတိုးဝှေ့ခြင်းမရှိရအောင် ရဟန်းသာမဏေတို့ကို၊ တရားလမ်းပြ၍ဩဝါဒပေးကြရမည်။ .... ....၁

(၃၁-မှတ်)။ ။မင်းကျွန်ဖြစ်သူ–သူခိုးထားပြဖြစ်သူ။သူပုန်သူကန် ဖြစ်သူ၊ သူတပါးတို့ကြွေးမြီတင် ရှိသောသူ၊ အမိအဘတို့ခွင့်မလွှတ်သော သူတို့သည်၊ ချမ်းသာရော၍လိုသည်ဖြစ်၍။ရဟန်းသာမဏေပြုလုပ်ခြင်းငှာ၊ မိမိတို့ထံသို့ခိုဝင်လာလျှင်။ထိုသူတို့ကိုအစိုးတရပြုလုပ်၍။ရဟန်းသာမဏေပြုခြင်းမှကြဉ်ရှောင်ခြင်း။ပြုလုပ်လိုလျှင်ထိုသူတို့ကို။အစိုးရသောသူတို့ထံသို့စေလွှတ်သဖြင့်။ အနူးအညွတ်တိုင်ကြားခွင့်ပန်စေ၍အခွင့်ကိုရမှပြုကြရမည်၊ .... .... ....၁

(၃၂-မှတ်)၊ ။ရဟန်းသာမဏေတို့သည်၊ ကျွဲသေနွားသေများကိုတွေ့မြင်ရှိလျှင်။ ပံသုကူလသညာဖြင့်။ကောက်ယူခြင်းနှိုက်။ဝိနည်းအပြစ်မရှိသော်လည်း။ လျှပ်ပေါ်ထော်လည်ခြင်း ဟူသောလောလုပ္ပတဏှာဖြင့် ဘဏ္ဍနကာရကစသည်မဖြစ်စေခြင်းငှာ အကောက် အယူမရှိ ရှောင်ကြည် ကြရမည်၊ .... .... .... .... ....၁

(၃၃-မှတ်)၊ ။ပဋိပတ္တိဓမ္မကို။ကြိုးစားအားထုတ်သည့်ရဟန်းမှတပါး။ပရိယတ္တိဓမ္မတုအားထုတ်သည့် ရဟန်းသာမဏေတို့မှာ။ဆရာဖြစ်သူတို့က၊သင်ကြားကာ–မတ္တ–မဖြစ်စေရသဒ္ဒနယ–အတ္ထနယနှင့်တကွ၊ အနက်အဓိပ္ပါယ်တို့ကို သိမြင်ထိမ္မာအောင်ချက်ဆောင်စေ၍၊ လျောက်ပတ်သည့်အခါနှိုက်။ ငှင်းသင်ကြားသည့် ကျမ်းဂန်အရများကို ဓမ္မသာကာနွှဖြစ်အောင်အချင်းချင်းဆွေးနွေးမေးမြန်းကြရမည်၊ ....၁

## သင်္ဃကမ္မ

### သာသနာပိုင်ဆရာတော်-ရွေးကောက်တင်မြှောက်ရန်

### ဥပဒေ။

သာသနာပိုင်ဆရာတော်သည်။သာသနာတော်၏မှုဝန်ကို ဆောင်ရွက်ရန်-အလိုမရှိသည်ဖြစ်၍။ နှုတ်ထွက်တော်မူသည်ဖြစ်စေ။ပြန်လွန်တော်မူသည်ဖြစ်စေ၊ လစ်လပ်ခဲ့လျှင်။မထေရ်ပုဂ္ဂိုလ်ကြီးတို့ သဘောတူများရာပုဂ္ဂိုလ်ကို။ သာသနာပိုင်ဌာနန္တရနိက် တင်မြှောက်နိုင်အောင်။ အောက်ကရေးသားတော်ပြသောနည်းလမ်းအတိုင်း။ရွေးကောက်တင်မြှောက်ရမည်၊

၁။ ။ရွေးကောက်ရန်မှာ၊မည်သည့်ပုဂ္ဂိုလ်ကို။သာသနာပိုင်ဆရာတော်အဖြစ်သဘောတူကြောင်း။ဆန္ဒရေးသားသော ပုဂ္ဂိုလ်တမျိုး၊ သာသနာပိုင် ဖြစ်ထိုက်သော အရွေးခံပုဂ္ဂိုလ်တမျိုး။ သည်ကဲ့သို့ ၂-မျိုးခွဲ၍မထားဘဲ၊ မထေရ်ပုဂ္ဂိုလ်ကြီးတို့စည်းဝေး၍။ တပါးကိုတပါးညွှန်ကြားခြင်းနည်းကို။ပြုလုပ်ရန်သင့်သည်နှင့်အညီ။ သာသနာပိုင်ဖြစ်သင့်ဖြစ်ထိုက်သော ပုဂ္ဂိုလ်ထဲသို့ ပါဝင်သင့်သော မထေရ်ပုဂ္ဂိုလ်ကြီးတို့အစည်းအဝေးပြုလုပ်ပြီးလျှင်။ မိမိကိုယ်ကိုချန်လှပ်၍။ အချင်းချင်းဖြစ်သော။အရွေးခံစာရင်းပါ—ပုဂ္ဂိုလ်ထဲက၊ မိမိသဘောတူသော ပုဂ္ဂိုလ်တပါးကို။နှုတ်ဖြင့်မဖြွက်ဘဲ။ ဆန္ဒအမှတ်ရေးသားရွေးကောက်ကြရမည်။

၂။ သာသနာပိုင်ရွေးကောက်ရာ၊ အစည်းအဝေးသို့ဝင်ရမည့်မထေရ်ပုဂ္ဂိုလ်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) သံဃနာယကဆရာတော်များ။
(ခ) သုဓမ္မာဆရာတော်များ။
(ဂ) အနီးအဝေးရှိ မြန်မာမင်းလက်ထက် တံဆိပ်တော်ရဆရာတော်များ။
(ဃ) မန္တလေးမြို့ ၄-ပြင်ရှိဂါနချုပ်ဆရာတော်များ။
(င) အဝေးမြို့ရွာဂိုဏ်းချုပ်ဆရာတော်များ။

၃။ သည်ကဲ့သို့ ဆန္ဒအမှတ်နှင့် ရွေးချယ်ခြင်းပြုလုပ်ရမည်မှာ၊ သာသနာပိုင် လစ်လပ်သည့်နေ့က ၆-လ မလွန်မီအတွင်း၊ ၂ အချက်ပါ က၊ ခ၊ ဂ၊ ဃ၊ င-အမှတ် ဆရာတော် ၅ မျိုးတို့ထံ၊ ဆရာတော်တပါးလျှင် လျှောက်စာတစောင်ကျစီကို သုဓမ္မာဆရာတော်တို့က၊ ပေးပို့လျှောက်ထားရမည်၊ ၎င်းလျှောက်စာတွင် သာသနာပိုင်လစ်လပ်၍ မထေရ်ပုဂ္ဂိုလ်ကြီးတို့ အစည်းအဝေးပြုလုပ်ရွေးချယ်မည့်အကြောင်း၊ အစည်းအဝေးပြုလုပ်ရာဌာန၊ ကြွရောက်ရန်အကြောင်းအရာ၊ နေ့ရက်အချိန်နာရီမှစ၍ အစည်းအဝေးကိစ္စကို သိသာနားလည်လောက်အောင် စကားအပြည့်အစုံအသေအချာ ထည့်သွင်းရေးသားပါရှိစေရမည်။

၄။ သာသနာပိုင်ရွေးအစည်းအဝေးပြုလုပ်မည့်နေ့ရက် သတ်မှတ်သေချာသောအခါ၊ စည်းဝေးရာဌာနသို့လာရောက် ကြည့်ရှုစောင့်ရှောက်ရန်၊ မန္တလေး ခရိုင်ဝန်ရှင်တော်မင်းကြီး မန္တလေးမြို့ အရေးပိုင်မင်း ရာဇဝတ်ဝန်မင်းတို့နှင့်၊ မြန်မာမှူးတော်မတ်တော်၊ မြူနီစီပါယ်လူကြီး၊ သမာဓိ မြို့ဝန်၊ ဘုရားလူကြီး၊ အသင်းလူကြီးစသော ဂုဏ်အသရေရှိလူကြီးလူကောင်းတို့ကိုလည်း ဖိတ်ကြားရမည်၊

၅။ ။အစည်းအဝေးသို့ ကြွရောက်ရန်။ ဘိတ်ကြားအပ်သောပုဂ္ဂိုလ်တို့အနက်။ မကျန်းမမာ—ဂိလာန ပုဂ္ဂိုလ်ဖြစ်သောကြောင့်၎င်း။အခြားလုံးလောက်သော အကြောင်းတစုံတရာကြောင့်၎င်း၊ စည်းဝေးရာဌာနသို့ ကိုယ်တိုင် ဆာရောက်တော်မမူနိုင်လျှင်။မိမိယုံကြည်အပ်သော သင့်ရာပုဂ္ဂိုလ်တပါးကို။ မိမိကဆန္ဒပေးအပ်၍ ကိုယ်စား စေလွှတ်ရမည်။ သို့စေလွှတ်ကြောင်းကိုလည်း။ သုဓမ္မာ ဆရာတော်တို့ထံ။ စေလွှတ်ခြင်းပုဂ္ဂိုလ်က။ ကိုယ်တိုင်မရောက်နိုင်သောအကြောင်းနှင့်တကွ။ အသေအချာ စာရေးသား၍။ မိမိအသုံးပြုအပ်သော တံဆိပ်အမှတ်။ကိုယ်တိုင်အမည်လက်မှတ်များကို။ခတ်နှိပ်ရေးသားပေးပို့မှသာလျှင်။ ၎င်းကိုယ်စားပုဂ္ဂိုလ်ကို။ အစည်းအဝေးသို့ဝင်ရောက်ရန် ခွင့်ပြုရမည်။ ။ယင်းသို့မဟုတ်၊စည်းဝေးရာဌာနသို့။ အကြောင်းမဲ့ ကိုယ်တိုင် မကြွမရောက်။ ကိုယ်စားပုဂ္ဂိုလ်ကိုလည်းမစေလွှတ်။ လျစ်လျူနေသော ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင်၊၎င်းပုဂ္ဂိုလ်ကို။သာသနာပိုင်ရွေးကောက်သော။ အရွေးခံပုဂ္ဂိုလ်ထဲသို့၊ စာရင်းထည့်သွင်းခွင့်မရှိ။

၆။ ။သာသနာပိုင်ရွေးအစည်းအဝေး၏။ကိစ္စကိုကောင်းစွာ ဆောင်ရွက်နိုင်စေခြင်းငှာ။ သာသနာပိုင် ရွေးကောက်ရန်အရွေးခံပုဂ္ဂိုလ်စာရင်းနှင့်။ ဆန္ဒရေးရန်ပုံနှိပ်စက္ကူများကို တပါးလျှင်ထစောင်စီ၊ အစည်းအဝေးရှိ- ပုဂ္ဂိုလ်စေ့အောင် အပ်စေရန်ပုဂ္ဂိုလ်-၂-ပါး။အပ်သည့်အတိုင်း။ ဆန္ဒအမှတ်ရေးပြီးစက္ကူများကို၊ သေတ္တာနှင့် ခံယူ ရပေါင်းစေရန် ပုဂ္ဂိုလ် ၂-ပါး။ ၎င်းဆန္ဒရေးပြီး စက္ကူများကို သေတ္တာမှထုတ်၍၊ အရေအတွက်၊အနည်းအများအလျောက်။သန့်ခြားရှင်းလင်း စိစစ်မှတ်သားစေရန်ပုဂ္ဂိုလ်-၂-ပါး၊ စိစစ်မှတ်သားပြီး ဆန္ဒအမှတ်အများအနည်းရသော။ ဆရာတော်တို့စာရင်းကိုဘတ်လျှော်စေရန်ပုဂ္ဂိုလ်တပါး။ ၎င်းမထေရ်ပုဂ္ဂိုလ်ခုနစ်ပါးကို။ ဝင့်

ချောက်ရင်းအစည်းအဝေးဝင်။ဆရာတော်တို့မှတပါးအခြား
ယုံကြည်အပ်သော၊ မထေရ်ပုဂ္ဂိုလ်တို့ကို။ သုဓမ္မာဆရာတော်
တို့က။ ရွေးချယ်အသင့်ရှိစေပြီးလျှင်၊ ဆိုခဲ့သည့် အတိုင်း၊အ
စည်းအဝေး၏ကိစ္စကိုဆောင်ရွက်စေရမည်၊

၇။ ။အစည်းအဝေးပြုလုပ်ရာဌာနသို့၊ ၂-မှတ်ပါဆရာ
တော်တို့နှင့်၊၅-မှတ်အရ။ကိုယ်စားစေလွှတ်သောပုဂ္ဂိုလ်တို့မှ
တပါး။အခြားပုဂ္ဂိုလ်တို့ဝင်ရောက်ခွင့်။ ဆန္ဒအမဲပေးသား
ခွင့်မရှိရ။ ။သို့သော်လည်းအစည်းအဝေး၏ကိစ္စကိုဆောင်
ရွက်ရန်။ ၆မှတ်အရအထူးရွေးချယ်ထားသောပုဂ္ဂိုလ်တို့နှင့်
၄မှတ်အရ။ဘိတ်ကြားသောလူပရိသတ်တို့ကို။အစည်းအဝေး
သို့ဝင်ရောက်ရန်ခွင့်ပြုရမည်။

၈။ ။အစည်းအဝေးပြုလုပ်ရန်၊၃ မှတ်ပါအတိုင်းသတ်
မှတ်လျက်ရှိသော၊ အချိန်နာရီတိုင် ရောက်သောအခါ။ သတ်
မှတ်ရင်းဌာနတွင်။ အစည်း အဝေးပြုလုပ်ရမည်။ သတ်မှတ်
သောနာရီအတွင်း၊ ပင့်ဘိတ်ရင်းဆရာတော်ပုဂ္ဂိုလ်အရေအ
တွက် ၃ ရပ်ရ၍၊ ၂ရပြည့်မီအောင်။ ကြွရောက် တော်မမူ
သေးလျှင်၊ ၂ နာရီဆိုင်းငံ့ရမည်၊ ပင့်ဘိတ် အပ်သော။ဆရာ
တော်ပုဂ္ဂိုလ်၏။၃ ရပ်၊၂ ရအောက်မလျော့။ ကြွရောက်တော်
မူကြသည်ဖြစ်လျှင်။အစည်းအဝေး ပရိသတ်မြောက်ပြီဟုမှတ်
ယူ၍။ဆောင်ရွက်ရန်ရှိသည့်ကိစ္စကိုဆောင်ရွက်ရမည်။၂နာ
ရီဆိုင်းငံ့၍မှ။၃ရ။၂ရပရိသတ်မမြောက်လျှင်။ထိုနေ့အစည်း
အဝေးကိုယုတ်သိမ်း၍။ နောက်လာလတံ့သော ၁၅ ရက်အ
တွင်းမည်သည့်နေ့ထပ်မံအစည်းအဝေးပြုလုပ်ပါလိမ့်မည်ဟု
အစည်းအဝေးဝင်ဆရာတော်တို့ထံ။အထက်နည်းလျှောက်စာ
ပေးပို့ရမည်၊ ။ဒုတိယ အကြိမ်-စည်းဝေးရာနိုက် လည်း
သတ်မှတ်သည့် အချိန်တွင်။ အစည်းအဝေးဝင် ဆရာတော်
ပုဂ္ဂိုလ်ပရိသတ်။၃ ရ။၂ ရမပြည့်မစုံသေးလျှင်။ပဌမအကြိမ်
ကဲ့သို့။၂နာရီဆိုင်းငံ့ရမည်၊၂နာရီဆိုင်းငံ့၍မှ။၃ရ—၂ရပြည့်

ရုံးအောင်၊ မလာမရောက် ရှိခဲ့လျှင်။ လာရောက်သမျှသောဆရာတော်ပုဂ္ဂိုလ်တို့နှင့်ပင်။ အစည်းအဝေးမြှောက်စေရမည်။

၉။ ။အစည်းအဝေးပရိသတ်မြှောက်၍စည်းဝေးမည်ရှိသောအခါ။ အစည်းအဝေးသို့။ ကြွရောက်သော ဆရာတော်မထေရ်ပုဂ္ဂိုလ်တို့က။ ၎င်း အစည်းအဝေးထဲတွင်။ သံဃနာယက-ဆရာတော်ရှိလျှင်၊ သံဃနာယက ဆရာတော် တပါးကို။ သံဃနာယကဆရာတော်မရှိလျှင်။ သုဓမ္မာဆရာတော်တို့တွင်။ သိက္ခာဝါကြီးသော ဆရာတော်တပါးကို။ အစည်းအဝေး၏။ ခေတ္တအကြီးအမှူးတင်မြှောက်ရမည်။ ၎င်းအစည်းအဝေးတွင် ပြောဆိုပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့်များကို။ ၎င်းအကြီးအမှူး ဆရာတော်ဆင့်ဆိုရာနာခံဆောင်ရွက်ကြရမည်။

၁၀။ ။အစည်းအဝေး ပရိသတ် စုံညီသောအခါ။ ကြွရောက်လာသောဆရာတော်မထေရ်ပုဂ္ဂိုလ်အသီးအသီးတို့က အောက်ပါ စကားများပါရှိသော ဆန္ဒပေး ပုံနှိပ်စက္ကူစာများတွင်။ ရေးသားရန်ပုံစံပါသည့်အတိုင်း။ ရေးသားရမည်။

## ဆန္ဒပေးအမှတ်ပုံစံ

သာသနာပိုင်ရွေးကောက်ရန်ဥပဒေစည်းကမ်းအရ။ ယခုရွေးကောက်ရရှိသောမထေရ်ပုဂ္ဂိုလ်ကို။ သဘောတူညီသည်ဖြစ်၍၊ သာသနာပိုင်တင်မြှောက်ထိုက်သောပုဂ္ဂိုလ်၏ဘွဲ့အမည်ကို။ အောက်၌ရေးသားပါသည်။

သာသနာပိုင်လျာပုဂ္ဂိုလ်၏ဘွဲ့အမည်။ ..................................................

ရေးသောပုဂ္ဂိုလ်၏ ဘွဲ့အမည်။ ..................................................

..................မြို့.......................ရွာ..................................ကျောင်း။

.................................... ဌာနတိုက် ....................................

ရက်စွဲ..................................................

၁၁။ ။ငင်းဆန္ဒပေးစက္ကူ၏ ကြောဘက်တွင်။ သုခမ္မာဆရာတော်တို့တံဆိပ်ခတ်နှိပ်လျက်ပါစေရမည်။ ၎င်းဆန္ဒပေးစက္ကူများကို အစည်းအဝေး မြှောက်မှသာလျှင်တပါးကိုတစောင်ကျပေးအပ်ကပ်လှူရမည်။ ၎င်းတံဆိပ်ခတ်စက္ကူကပ်လှူသည်နှင့်တပြိုင်နက်၊ အစည်းအဝေးသို့ပင့်ဘျောက်အပ်သောသာသနာပိုင်လျာပုဂ္ဂိုလ်တို့၊ စာရင်းလွှာတစောင်စီကိုလည်းထည့်၍ကပ်လှူရမည်။ ။

၁၂။ ။ဆန္ဒပေး အမှတ် ရေးသားသော ပုဂ္ဂိုလ် တို့ကလည်း။ မိမိကိုယ်ကိုရွေးကောက် ရေးသားခွင့်မရ။ကိုယ်စားလာရောက်သူပုဂ္ဂိုလ်ကလည်း။ကိုယ်စားလွှဲအပ် စေလွှတ်ရင်းပုဂ္ဂိုလ်ကိုရွေးကောက်ရေးသားခွင့်မရ။ ပေးအပ်ကပ်လှူရင်းစာရင်းပါပုဂ္ဂိုလ်တို့တွင်။ သာသနာပိုင်ဖြစ်ထိုက်သည်ဟု။ မိမိစိတ်တွင် အမှန်ထင်မှတ်သော ပုဂ္ဂိုလ်တပါး၏ ဘွဲ့အမည်ကိုသားရေးမှတ်ရမည်။ ။

၁၃ ။အထက်ဆိုခဲ့သည့်အချက်များအရ။ရွေးချယ်ရာဆန္ဒပေးအမှတ်စောင်ရေဂဏန်း။ သီးအသီးရကြသောပုဂ္ဂိုလ်တို့စာရင်းကို။ အများဆုံးကစ၍။ အောက်သို့ အစဉ်အတိုင်းမှတ်သားပြီးလျှင်။ ၎င်းအစည်းအဝေး အစုံအညီတွင်။ ဘတ်ဘျောက်ရန်ရွေးချယ်ထားသောပုဂ္ဂိုလ်က။ ရှင်းလင်းစွာဘတ်ဘျောက်ရမည်။ ပြီးလျှင် အစည်းအဝေး၏ခေတ္တအကြီးအမှူးပုဂ္ဂိုလ်ကအစပြု၍။ ၆ မှတ်အချက်ပါ အစည်းအဝေးကိစ္စကိုဆောင်ရွက်ရသူပုဂ္ဂိုလ် ၇ ပါးတို့က။၎င်းဘတ်ဘျောက်ပြီး-စာရင်းအောက်တွင်။ အမည်လက်မှတ်ရေးသား၊ နေ့ရက်စွဲမှတ်ထားရမည်။ ။

(က) ၎င်းစာရင်းပါ ပုဂ္ဂိုလ် တို့တွင်၊ ဆန္ဒအမှတ်ဂဏန်းအများဆုံးရသောပုဂ္ဂိုလ်ကို။ သာသနာပိုင်ဆရာတော်အဖြစ်မြှောက်သည်ဟုမှတ်ယူရမည်။ ။

(ခ) အကယ်၍ဆန္ဒအမှတ်ဂဏန်းအများဆုံးရသော ပုဂ္ဂိုလ်။ ၂-ပါး-၃-ပါးစသဖြင့်အပြိုင်ထွက်ရှိခဲ့လျှင်သိက္ခာဝါကြီးသောပုဂ္ဂိုလ်ကို၊ သာသနာပိုင် ဆရာတော်အဖြစ်မြှောက်သည်ဟုမှတ်ယူရမည်။ ၎င်းသာသနာပိုင်ဆရာတော်အဖြစ်မြှောက်သည်ဟုမှတ်ယူရာသော။က-ခ-၂-နည်းတွင်။(က) နည်းအားဖြင့်မှတ်ယူသောပုဂ္ဂိုလ်အောက်။ဒုတိယဆန္ဒအမှတ်အများဆုံး ရသော ပုဂ္ဂိုလ်ကို ဖြစ်စေ။( ခ )နည်းအားဖြင့်မှတ်ယူသောပုဂ္ဂိုလ်အောက်၊ ဆန္ဒအမှတ်ဂဏန်းတူသိက္ခာဝါဒုတိယဖြစ်သောပုဂ္ဂိုလ်ကိုဖြစ်စေ။၎င်း-၂-မျိုးတွင် ၎-မျိုးမျိုးသော ပုဂ္ဂိုလ်တပါးကိုလည်း။ ရွေးချယ်ရ-ဒုတိယပုဂ္ဂိုလ်ဟုမှတ်သားထားရမည်။ ။ဤကဲ့သို့အစည်းအဝေးပြုလုပ်ရွေးချယ်သည်မှာ။အစည်းအဝေးပရိသတ်မြှောက်သောနေ့။ တနေ့ချင်းနှင့်ပြီးစီးအောင်ဆောင်ရွက်ရမည်။

၁၄။ ။သည့်ကဲ့သို့ ရွေးကောက်၍။ သာသနာပိုင် ဆရာတော် အဖြစ်မြှောက်သည်ဟု မှတ်ယူရသော ပုဂ္ဂိုလ်ကို-ရရှိသောအခါ။မန္တလေးမြို့ရှိ- မြန်မာသတင်းစာများတွင်။အစည်းအဝေးပြုလုပ်ရွေးကောက်ပုံ- စာတမ်းအကျယ်နှင့်တကွ၊ထည့်သွင်း ကြော်ငြာပြီးလျှင်။ မြန်မာနိုင်ငံတော်ကို စိုးရင်အုပ်ချုပ်တော်မူသောဘုရင်ခံမင်းထံ၊ အသိအမှတ်ပြုတော်မူသော။ဆာနတ်အမိန့်တော်ပြန်တမ်းနှင့်တကွ။ သာသနာပိုင်ဆရာတော်တို့ရသင့်ရထိုက်သောအရေးအခွင့်များကိုအပ်နှင်းတော်မူပါမည့်အကြောင်းနှင့်။သုမေဓာဆရာတော်တို့က-စာတင်သွင်းရမည်။

၁၅။ ။သာသနာပိုင်အဖြစ်မြှောက်သောပုဂ္ဂိုလ်က။ သာသနာတော်မှုဝန်ကို ဆောင်ရွက်တော်မမူလို။ငြင်းပယ်သည်ဖြစ်စေ။ အစိုးရမင်းတို့က အသိအမှတ် ပြုတော်မမူသေးမီအတွင်း။ပြန်လွှဲတော်မူသည်ဖြစ်စေ။ တနည်းနည်းတွေ့ကြုံခဲ့လျှင်။ ၁၃-မှတ်(ခ)အချက်ပါရွေးချယ်ရ-မှတ်သားထားရင်း။ ဒုတိယ ပုဂ္ဂိုလ်ကို။ သာသနာပိုင်ဆရာတော်အဖြစ်မှတ်ယူ၍။

၁၄ မှတ်အချက်တွင်ပါသည့်အတိုင်း။လိုက်နာသင့်သမျှပြည့်စုံပြီးစီးအောင်။သုဓမ္မာဆရာတော်တို့က။လိုက်နာသဆောင်ရွက်ရမည်။ ။သို့သော်လည်း။အထက်ဆိုခဲ့သောစကားချက်များအရ။ရွေးကောက်သချာသောပဋ္ဌမပုဂ္ဂိုလ်ကို။အစိုးရမင်းတို့က။သာသနာပိုင်အဖြစ်။အသိအမှတ်ပြုတော်မူသည်ဖြစ်လျှင်၊ ၎င်းအစည်းအဝေး ထမြှောက်အောင်မြင်ပြီးဆုံးပြီဟုမှတ်ယူလိုက်သည့် ဖြစ်သော့ကြောင့်၊ ၁၃-မှတ်(ခ)အချက်ပါရွေးချယ်ရဒုတိယပုဂ္ဂိုလ်ဟုမှတ်သားခြင်းကို။ဆက်လက်၍အသုံးပြုဘွယ်မရှိစေရ။

၁၆။ ။သာသနာပိုင်ဆရာတော်၊ ဌာနန္တရလစ်လပ်ကင်းမဲ့၍ဆန္ဒအမှတ်နှင့်။ရွေးကောက်သချာပြီးဆရာတော်ကို။အစိုးရမင်းတို့က။ အသိအမှတ်ပြုတော်မမူသေးမီအခါကာလအတွင်း။ သာသနာတော်မှု ဝန်အရေးကိစ္စများကို၊ သုဓမ္မာဆရာတော်တို့က။သံဃနာယကဆရာတော်တို့နှင့်ညှိနှိုင်းသင့်ရာညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင်။တဝတည်းဆောင်ရွက်တော်မူရမည်။အကယ်၍ သံဃနာယကဆရာတော် လစ်လပ်ခဲ့သော်လည်း။သုဓမ္မာဆရာတော်အချင်းချင်း-ညှိနှိုင်းတိုင်ပင်၍။ သာသနာတော်အရေးအရာအခွင့်ကိစ္စများကို၊ ထဝတည်းဆောင်ရွက်တော်မူကြရမည်။

၁၇။ ။ဤဥပဒေအရရွေးကောက်ခြင်းအားဖြင့်။သာသနာပိုင်ဆရာတော် အဖြစ်မြှောက်သောပုဂ္ဂိုလ်ကိုရ၍၊ အစိုးရမင်းကအသိအမှတ်ပြုတော်မူသော။ သာသနာပိုင်ဆရာတော်မှာ။ မြန်မာနိုင်ငံတော်အတွင်း။ရဟန်းသံဃာတော်အပေါင်းတို့ အများဆုံးစုဝေးတည်ရှိရာ။ဗုဒ္ဓဘာသာသာသာသနာတော်၏ အချက်အချာဌာနဖြစ်သော။မန္တလေးမြို့တော်၌သာ။အစဉ်အမြဲသတင်သုံးနေတော်မူ၍။ သာသနာတော်၏ အရေးကိစ္စများကို။ ၎ အုပ်စောင့်ရှောက်တော်မူရလိမ့်မည်။

pdf creator - Wanna Soe